# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ သောကြာနေ့။ Friday, 18 July 2025 ၁၁၈၂


### ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## နတ်မောက်မြို့နယ်၌ မိုးမြေပဲဧက ၄၈၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

နတ်မောက် ဇူလိုင် ၁၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးမြေပဲ ၄၈၈၅၄ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်အထိ ၂၆၁၃၄ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နတ်မောက်မြို့နယ်အတွင်းရှိဒေသခံတောင်သူများ စားသုံးဆီဖူလုံရေးအတွက် ယခုနှစ်တွင် မိုးမြေပဲစိုက်ပျိုးရန် ၄၈၈၅၄ ဧက လျာထားပါကြောင်း၊ မြေပဲစိုက်ပျိုးရာတွင် မိုးရွာသွန်းမှုပေါ်မူတည်၍ မေလမှ စတင်စိုက်ပျိုးကြကြောင်း၊ တောင်သူအများစုအနေဖြင့် မြေပဲကို မိုးဦးကျတွင်လည်းကောင်း၊ မိုးရွာသွန်းမှုပေါ်မူတည်၍ ဝါဆိုလတွင်လည်း ဝါဆိုပဲအဖြစ်လည်းကောင်း၊ ဆောင်းရာသီတွင် ဆောင်းမြေပဲများကို လည်းကောင်း စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## ဘရာဇီးလ်နိုင်ငံက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ဘီစီဂျီကာကွယ်ဆေး ငါးသိန်း Doses ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ



ဘရာဇီးလ်နိုင်ငံက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ဘီစီဂျီကာကွယ်ဆေး ငါးသိန်း Doses ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိစဉ်။

ရန်ကုန် ဇူလိုင် ၁၇

ဘရာဇီးလ်နိုင်ငံ ဘရာဇီးလ်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Brazilian Cooperation Agency–ABC)မှ မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးမှုတစ်ရပ်အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ကိုးသောင်းခန့်တန်ဖိုးရှိ ဘီစီဂျီကာကွယ်ဆေး ငါးသိန်း Doses သည် ယမန်နေ့ညနေပိုင်းက MAI လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

### ယနေ့ ဖတ်စရာ


အလုပ်အကိုင်အခွင့်အလမ်းပေါင်း တစ်သောင်းဝန်းကျင်ခန့် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၃၅ ခု ခွင့်ပြု
စာမျက်နှာ » ၃

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ ပြဋ္ဌာန်း
စာမျက်နှာ » ၄

သမိုင်းဝင် စစ်ရေယာဉ် (မေယု)
ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စိုက်ဧက ငါးသန်းကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၆၈၈ ဘီလီယံ ထုတ်ချေးရန် လျာထား
စာမျက်နှာ » ၈

ငွေကြေးအရင်းအနှီးလိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်
စာမျက်နှာ » ၁၀

ကြေးမုံ

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းများဖော်ဆောင်

မြန်မာနိုင်ငံရှိ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်သည်။ လူဦးရေအများစုနေထိုင်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ခေတ်အဆက်ဆက် အကောင်အထည်ဖော်ခဲ့သည်။ ကျေးလက်ဒေသများမှာ ယခင်ခေတ်ကာလများနှင့်မတူ ဖွံ့ဖြိုးတိုးတက်လာသည်။ လူမှုစီးပွားဘဝမြင့်မားလာသည်။ သို့သော် ကျေးလက်ဒေသအများစုမှာ သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသောကြောင့် ရေရှည်တည်တံ့ခိုင်မြဲရေးတွင် စိန်ခေါ်မှုများစွာ ရှိသည်ကို တွေ့ရသည်။

မကြာသေးမီကာလက နိုင်ငံတော်က တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီတစ်ခု ဖွဲ့စည်းလိုက်သည်ကို တွေ့ရသည်။ လုပ်ငန်းကော်မတီတွင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ် အသီးသီးမှ အကြီးအကဲများ၊ တာဝန်ရှိသူများ ပါဝင်ဖွဲ့စည်းထားသည်ကို တွေ့ရသည်။ အဆိုပါလုပ်ငန်းကော်မတီသည် ခိုင်မာအားကောင်းသည့် ကျေးလက်ဒေသများအဖြစ် အစဉ်တည်တံ့ရပ်တည်နိုင်စေရန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုအသိုက်အမြုံများ ဖော်ဆောင်ပေးရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသော ကျေးလက်ဒေသများအား ဦးစားပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ရှေ့ပြေးစီမံချက်အနေဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံသဘာဝဘေးအန္တရာယ်ကို ဆိုးဆိုးရွားရွား ထိခိုက်ခံစားခဲ့ကြသည့် နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းမှ ရေဘေးသင့် မကျီးပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့တွင် လူမှုအဖွဲ့အစည်းပေါင်းစုံပါဝင်သည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို စတင်အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါကျေးရွာနှစ်ရွာမှာ မူလက ဖွံ့ဖြိုးတိုးတက်သည့် ရွာကြီးနှစ်ရွာဖြစ်သော်လည်း အလွန်ဆိုးရွားသည့် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမားခဲ့ရာ မူလအခြေအနေမပျက် ပြန်လည်ရောက်ရှိရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် စတင်အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအကောင်အထည်ဖော်လျက်ရှိသည့် စီမံချက်သည် ကျေးလက်ဒေသများ၏ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအပြင် ရေရှည်တည်တံ့ခိုင်မြဲသည့် လူမှုဘဝ၊ စီးပွားရေးဘဝများပါ ခိုင်မာအားကောင်းလာအောင် ဝိုင်းဝန်းစုပေါင်းအကောင်အထည်ဖော်သည့်စီမံချက်ဖြစ်သည်။ ပထမပိုင်းတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုလျော့ချရေးအတွက် အစီအမံများကို သက်ဆိုင်ရာဌာနများက ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်ပေးပြီး ဒေသခံပြည်သူများသိရှိအောင် ရပ်ရွာအခြေပြု အသိပညာပေးလုပ်ငန်းများ ပြုလုပ်သွားခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် စီးပွားရေး၌ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ စိုက်ပျိုးကုန်ထုတ်/သမအသင်းနှင့် MSME ထူထောင်ပေးခြင်း၊ အရင်းအနှီးအတွက် ဆောင်ရွက်ပေးခြင်းစသည်တို့အပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကိုပါ တွဲဖက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ကော်မတီအနေဖြင့် ယခုရှေ့ပြေးစီမံချက်မှသည် ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ဒေသအလိုက် အလားတူ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ တစ်နိုင်ငံလုံးရှိ ပြည်သူများအတွက် နမူနာယူစရာအဖြစ် သတင်းအချက်အလက်များ မျှဝေပေးနိုင်ရန်နှင့် လုပ်ငန်းကော်မတီ၏ ပြည်သူ့အကျိုးပြုဆောင်ရွက်ချက်များကို ပြည်သူများ ပိုမိုသိရှိနားလည်ပြီး နိုင်ငံတော်အစိုးရအပေါ် ပိုမိုယုံကြည်အားကိုးလာနိုင်ရန်အတွက် မီဒီယာနည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ ကျေးလက်နေပြည်သူများ ရေရှည်အကျိုးစီးပွားအတွက် စီမံချက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၇

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၇၀ ၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၈ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အဆောက်အအုံများအတွင်း ပိတ်မိနေသူများ ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၄၈ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဇူလိုင် ၁၆ ရက် ညနေ ၅ နာရီမှ ၁၇ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနကလှူဒါန်းသည့် (BCG Vaccine) ပြင်းထန်တီဘီရောဂါ ကာကွယ်ဆေး အမှုန့်ပုလင်း ၂၅၀၀၀ နှင့် ဖျော်စပ်အရည်ပုလင်း၂၅၀၀၀ (အလေးချိန် သုည ဒသမ ၆၀၅ တန်) ရောက်ရှိခဲ့ပြီး အဆိုပါ ဆေးဝါးများကို ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပြင်ဦးလွင်မြို့၌ နားလေးရောဂါကာကွယ်ရေးစီမံချက် မွမ်းမံသင်တန်းဖွင့်လှစ်

ပြင်ဦးလွင် ဇူလိုင် ၁၇



ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန နားလေးရောဂါကာကွယ်ရေးစီမံချက်မှ စီမံချက် မန်နေဂျာ ပါမောက္ခ အထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းထိုက်ကြည်နှင့် အဖွဲ့သည် နားလေးရောဂါ ကာကွယ်ရေးစီမံချက် မွမ်းမံသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးရှိ အစည်းအဝေးခန်းမ ဆောင်၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငြိမ်းချမ်းက အမှာစကားပြောကြားပြီး နားလေးရောဂါကာကွယ်ရေးစီမံချက်မှ စီမံချက်မန်နေဂျာပါမောက္ခ အထူးကုဆရာဝန်ကြီး ဒေါက်တာ ဝင်းထိုက်ကြည်က မွေးကင်းစကလေးများနှင့်ပတ်သက်၍ ကနဦးစမ်းသပ်ရမည့် အကြောင်းအရာများ၊ စီမံချက်ဆောင်ရွက်ချက်များ၊ နာတာရှည်နားပြည်ယိုရောဂါအကြောင်းနှင့် သက်ကြီးနားလေးရောဂါနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများပို့ချခဲ့ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

## ၁၇ - ၇ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၉၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၇- ၇ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၁၀၀ | ၇၃ | ၅၁၈,၃၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၂,၀၅၄ | ၆,၆၇၅,၅၀၀ |
| MCB | ၇,၃၀၀ | ၇,၄၀၀ | ၉၆ | ၇၁၀,၃၀၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၇၇ | ၁၅၄,၀၀၀ |
| TMH | ၂,၅၅၀ | ၂,၆၀၀ | ၁,၉၁၅ | ၄,၉၅၂,၃၅၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၁,၀၆၄ | ၁,၇၅၃,၄၀၀ |
| AMATA | ၃,၇၀၀ | ၃,၇၀၀ | ၂၁ | ၇၇,၇၀၀ |
| MAEX | ၃,၂၀၀ | ၃,၃၀၀ | ၁၅၀ | ၄၉၄,၅၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၀၅၀ | ၁၃၂ | ၄၀၁,၁၀၀ |

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေး ကျင်းပ

## အလုပ်အကိုင်အခွင့်အလမ်းပေါင်း တစ်သောင်းဝန်းကျင်ခန့် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၃၅ ခု ခွင့်ပြု




**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်ကိုးခုကို လည်းကောင်း၊ စက်မှု၊ ဟိုတယ်ခရီး၊ ဝန်ဆောင်မှု၊ လျှပ်စစ်၊ စိုက်ပျိုး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အိမ်ရာအဆောက်အအုံ၊ သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၂၆ ခုတို့ကိုလည်းကောင်း ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၈၆၅ သန်းနှင့် ငွေကျပ် ၆၇၂၈၃၅ ဒသမ ၂၆၅ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၉၂၂၀ ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်းများအပြင် ဝန်ဆောင်မှု လုပ်ငန်းများ၊ စားသောက်ကုန်ထုတ် လုပ်ငန်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၅ ခုနှစ် ဇွန်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံး ပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၃၃ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၅၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းနှင့် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❂ **ဘရာဇီးလ်နိုင်ငံမှ**

အဆိုပါ ဘီစီဂျီကာကွယ်ဆေး (BCG vaccine) အားမွေးကင်းစကလေးငယ်များ မွေးဖွားပြီးသည်မှ ၂၄ နာရီအတွင်း ထိုးနှံပေးရန်လိုအပ်ပြီး မွေးဖွားပြီး ၂၄ နာရီအတွင်း မထိုးနှံနိုင်ပါက အသက်နှစ်လမတိုင်မီတွင်လည်းကောင်း၊ အသက်နှစ်လအရွယ်တွင် အခြားကာကွယ်ဆေးများနှင့်ပူးတွဲ၍လည်းကောင်း ထိုးနှံခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ပြင်းထန်တီဘီရောဂါကာကွယ်ရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရန်အတွက် အထောက်အကူဖြစ်စေကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ရှေ့ဖုံးမှ**

စိုက်ပျိုးကြရာ လျှာထားကေပြည့်မီအောင် တောင်သူများနှင့် ပူးပေါင်း၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက ပြောသည်။

**အသိပညာပေးလျက်ရှိ**

မိုးမြေပဲစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်း မျိုးသန့်များရရှိရေးဆောင်ရွက်ပေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြပွဲများကျင်းပခြင်း၊ စိုက်ပျိုးရေးနည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

**လှဝင်း**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဇူလိုင် ၁၇**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် လုံစံ-ပြန်ဆာ-ဝမ်ကပ်(ဟိုခဲ) ကျေးရွာချင်းဆက်လမ်း ၆ မိုင် ၃ ဖာလုံ မြေသားလမ်းတာချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက လွိုင်လင်ခရိုင်အတွင်းရှိ ကျေးရွာငါးရွာမှ လူဦးရေ ၁၂၇၆ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၄၇၉၅ ဒသမ ၉၃၆ သန်းဖြင့် မြေသားလမ်း ၇ မိုင် ၅ ဖာလုံ၊ ကျောက်လမ်းပြုပြင်ထိန်းသိမ်းခြင်း နှစ်မိုင်၊ ကျောက်ချောလမ်း ၅ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၃ မိုင် ၂ ဖာလုံ၊ ကွန်ကရစ်လမ်းတစ်မိုင် ၃ ဒသမ ၁ ဖာလုံ၊ ကွန်ကရစ်တံတားနှစ်စင်း၊ Box Culvert ၁၈ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်းတစ်ခု၊ ကျောက်စီရေမြောင်း လုပ်ငန်းနှစ်ဖာလုံ၊ မီးသွယ်တန်းခြင်းလုပ်ငန်းတစ်ခုနှင့် သာသနာရေးလုပ်ငန်းနှစ်ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ**

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၁ / ၂၀၂၅ )**

**၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်**
**( ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ရေပြင်နယ်နိမိတ်အတွင်းတွင်ရှိသော အောက်ပါတို့နှင့် သက်ဆိုင်စေရမည်-

(က) ပြည်တွင်းပြည်ပမှရေယာဉ်နှင့် လေယာဉ်၊

(ခ) ပင်လယ်ဆိပ်ကမ်းအပါအဝင် ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ၊

(ဂ) စီးပွားရေးလုပ်ငန်း။

**ခြွင်းချက်။** ပြည်တွင်း စစ်ရေယာဉ်၊ စစ်လေယာဉ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ကမ်းခြေစောင့်တပ်ဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဆိုသည်။

(င) **ကမ်းခြေစောင့်တပ်ဖွဲ့အကြီးအကဲ**ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့အား ကြီးကြပ်ကွပ်ကဲရသူကို ဆိုသည်။

(စ) **တပ်ဖွဲ့ဝင်အရာရှိ** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သော ပြန်တမ်းဝင်အရာရှိကို ဆိုသည်။

(ဆ) **အရပ်ဘက်အရာရှိ** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တွဲဖက်၍ဖြစ်စေ၊ ဌာနကူးပြောင်း၍ဖြစ်စေ တာဝန်ထမ်းဆောင်သော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပြန်တမ်းဝင်အရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် စတင်ခန့်ထားသည့် ပြန်တမ်းဝင်အရာရှိနှင့် အမှုထမ်းမှ ပြန်တမ်းဝင်အရာရှိအဆင့်ရရှိသူများလည်း ပါဝင်သည်။

(ဇ) **တပ်ဖွဲ့ဝင်** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်အရာရှိ၊ အရပ်ဘက်အရာရှိ၊ တပ်ဖွဲ့ဝင်အမှုထမ်း သို့မဟုတ် အရပ်ဘက်အမှုထမ်းကို ဆိုသည်။

(ဈ) **အခြေခံမျဉ်းများ** ဆိုသည်မှာ မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ၏ နောက်ဆက်တွဲ(က)တွင် သတ်မှတ်ထားသည့် အခြေခံမျဉ်းများကို ဆိုသည်။

(ည) **အတွင်းပိုင်းရေပြင်** ဆိုသည်မှာ ပိုင်နက်ပင်လယ်ကို စတင်သတ်မှတ်သည့် အခြေခံမျဉ်းမှ ကုန်းတွင်းဘက်ရှိ ရေပိုင်နက်ကိုဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်ဆိပ်ကမ်းမဟုတ်သည့် အခြားဆိပ်ကမ်း၊ ချောင်းနှင့် မြစ်များမပါဝင်။

(ဋ) **ပင်လယ်ဆိပ်ကမ်း** ဆိုသည်မှာ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ဆိပ်ကမ်းကိုဆိုသည်။ ယင်းစကားရပ်တွင် အဓိကဆိပ်ကမ်း သို့မဟုတ် ပင်လယ်ရေနက်ဆိပ်ကမ်းလည်း ပါဝင်သည်။

(ဌ) **ပိုင်နက်ပင်လယ်** ဆိုသည်မှာ အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင် ၁၂ မိုင်အထိ ကျယ်ဝန်းသောဇုန်ကို ဆိုသည်။

(ဍ) **ဆက်စပ်ဇုန်** ဆိုသည်မှာ ပိုင်နက်ပင်လယ်၏ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည့်ပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၄ မိုင်အထိ ကျယ်ဝန်းသောဇုန်ကို ဆိုသည်။

(ဎ) **သီးသန့်စီးပွားရေးဇုန်** ဆိုသည်မှာ ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည့်ပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀ အထိ ကျယ်ဝန်းသောဇုန်ကို ဆိုသည်။

(ဏ) **ရေပြင်နယ်နိမိတ်** ဆိုသည်မှာ နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသောရေပြင်ကို ဆိုသည်။ ဤစကားရပ်တွင် ကမ်းရိုးတန်းလည်း ပါဝင်သည်။

(တ) **ရေယာဉ်** ဆိုသည်မှာ ရေပေါ် သို့မဟုတ် ရေအောက်တွင် ရွေ့လျားသွားလာနိုင်သော စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ် သို့မဟုတ် မောင်းသူမဲ့ ရေယာဉ်တစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် တွဲတွန်း၊ တွဲဆွဲရေယာဉ်၊ စက်မဲ့ကုန်တွဲ၊ ရေနံတွဲ၊ ရေတွင်ပေါ်သော အခြားတွဲယာဉ်၊ လေကူရှင်သုံးရေယာဉ်၊ ရေယာဉ်ပျံ၊ အပျော်စီး ရေယာဉ်၊ ဖောင် သို့မဟုတ် ရွက်လှေတို့ ပါဝင်သည်။

(ထ) **လေယာဉ်** ဆိုသည်မှာ လေထဲတွင်မောင်းနှင်သော စက်တပ်ယာဉ် သို့မဟုတ် စက်မဲ့ယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ရဟတ်ယာဉ်၊ စက်မဲ့လေယာဉ် (Glider)၊ မောင်းသူမဲ့လေယာဉ် (Drone)၊ မီးပုံးပျံ (Air Balloon) သို့မဟုတ် လေထဲတွင်ပျံသန်းနိုင်သော အခြားယာဉ်တစ်မျိုးမျိုးလည်း ပါဝင်သည်။

(ဒ) **နိုင်ငံခြားရေယာဉ်** ဆိုသည်မှာ ပြည်ပတွင်မှတ်ပုံတင်ထားသော ရေယာဉ်ကို ဆိုသည်။

(ဓ) **ရေယာဉ်ပိုင်ရှင်** ဆိုသည်မှာ ရေယာဉ်ကိုပိုင်ဆိုင်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်နှင့် သက်ဆိုင်သည့်လုပ်ငန်းကို ရေယာဉ်ပိုင်ရှင်ကိုယ်စားဆောင်ရွက်ရန် တာဝန်လွှဲအပ်ခြင်းခံထားရသော ကိုယ်စားလှယ်လည်း ပါဝင်သည်။

(န) **ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ** ဆိုရာတွင် နိုင်ငံတော်၏ ရေပြင်နယ်နိမိတ်အတွင်း ပင်လယ်ရေကြောင်းဆိုင်ရာ အကျိုးစီးပွားအတွက် လူသားတို့ဖန်တီးသောကျွန်း၊ ကမ်းလွန်စခန်း၊ အဏ္ဏဝါသိပ္ပံဆိုင်ရာသုတေသနစခန်း၊ ရေနံတူးစင်၊ အထိုင်တွင်းတူးစင်၊ ရေပေါ်တွင်းတူးစင်၊ သို့လှောင်ရုံ၊ ဖြန့်ဖြူးသိုလှောင်ရုံ၊ ရေအောက်ကေဘယ်ကြိုး၊ ပိုက်လိုင်း၊ စွန့်ပစ်ပစ္စည်းများလက်ခံရာနေရာ၊ ပင်လယ်ပြင်အခြေပြု ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်ယူရေးစခန်း သို့မဟုတ် စစ်ဘက်နှင့်မသက်ဆိုင်သည့် ရေကြောင်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ပစ္စည်းကိရိယာများ ပါဝင်သည်။

(ပ) **အဏ္ဏဝါသဘာဝသယံဇာတ** ဆိုသည်မှာ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံမြေထု၊ ပင်လယ်ကြမ်းပြင်အထက်ရှိရေထု သို့မဟုတ် ပင်လယ်ရေမျက်နှာပြင်တွင်ရှိသော သက်ရှိသက်မဲ့သယံဇာတတစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် ဒီရေတောနှင့် သန္တာကျောက်တန်းများလည်း ပါဝင်သည်။

(ဖ) **ရှားပါးမျိုးစိတ်** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း ပုံမှန်တွေ့ရလေ့မရှိသော၊ ရှားပါးသော သို့မဟုတ် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသောအပင် သို့မဟုတ် တိရစ္ဆာန်မျိုးစိတ်တစ်ခုခုကို ဆိုသည်။

(ဗ) **အဏ္ဏဝါပတ်ဝန်းကျင်** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း အဏ္ဏဝါဂေဟစနစ်၏ လည်ပတ်မှုအခြေအနေနှင့် အရည်အသွေးတို့ကို အပြန်အလှန်အကျိုးသက်ရောက်စေသည့် ရုပ်ပိုင်းဆိုင်ရာ၊ မြေထု၊ ရေထု၊ လေထုဆိုင်ရာ သို့မဟုတ် ဇီဝဆိုင်ရာ အခြေအနေကို ဆိုသည်။

(ဘ) **အဏ္ဏဝါဂေဟစနစ်** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း နေထိုင်ကျက်စားသော သို့မဟုတ် ရှင်သန်ပေါက်ပွားသော ကျွန်းနေဇီဝမျိုးစုံမျိုးကွဲ၊ အပင်၊ တိရစ္ဆာန်နှင့် သက်မဲ့ရုပ်ဝတ္ထုများ သဟဇာတဖြစ်လျက်တည်ရှိနေသည့် သဘာဝစနစ် သို့မဟုတ် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော အဏ္ဏဝါပတ်ဝန်းကျင်ကို ဆိုသည်။

(မ) **ညစ်ညမ်းမှု** ဆိုသည်မှာ ဘေးအန္တရာယ်ရှိပစ္စည်း၊ ညစ်ညမ်းပစ္စည်း သို့မဟုတ် စွန့်ပစ်ပစ္စည်းကို စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း သို့မဟုတ် စုပုံခြင်းကြောင့် အဏ္ဏဝါပတ်ဝန်းကျင်၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောင်းလဲစေခြင်း သို့မဟုတ် သက်ရောက်စေခြင်းကို ဆိုသည်။

(ယ) **ပင်လယ်ဓားပြမှု** ဆိုသည်မှာ နိုင်ငံတကာပင်လယ်ပြင်အတွင်း ရောက်ရှိနေသော ပုဂ္ဂလိကပိုင်ရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်ရှိ လူပုဂ္ဂိုလ်တစ်ဦးဦးက အခြားသော ရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်ရှိ လူပုဂ္ဂိုလ် သို့မဟုတ် ပစ္စည်းအပေါ် ပုဂ္ဂလိကအကျိုးအလို့ငှာ အကြမ်းဖက်ခြင်း၊ တရားမဝင်ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုသို့ပြုလုပ်ရန် ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းလည်း ပါဝင်သည်။

(ရ) **တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှု** ဆိုသည်မှာ ဥပဒေနှင့်အညီ ထုတ်ပေးထားသော ပြည်တွင်းဝင်ရောက်ခွင့်လက်မှတ်နှင့် သက်ဆိုင်ရာနိုင်ငံက နည်းလမ်းတကျ ထုတ်ပေးထားသော နိုင်ငံကူးလက်မှတ်တို့မပါရှိဘဲ နိုင်ငံတော်၏ပိုင်နက်ပင်လယ်ကို ဖြတ်သန်း၍ အတွင်းပိုင်းရေပြင်သို့လည်းကောင်း၊ ပင်လယ်ဆိပ်ကမ်းတစ်ခုခုသို့လည်းကောင်း ဝင်ရောက်ခြင်း သို့မဟုတ် ဝင်ရောက်ရန်အားထုတ်ခြင်းကို ဆိုသည်။

(လ) **ပင်လယ်ပြာစီးပွားရေး (Blue Economy)** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် လူမှုစီးပွားဖူလုံရေးမြှင့်တင်ရန် အဏ္ဏဝါဂေဟစနစ်ကို မထိခိုက်စေဘဲ အဏ္ဏဝါသဘာဝသယံဇာတများကို ရေရှည်တည်တံ့စေသည့် နည်းလမ်းများ အသုံးပြု၍ လုပ်ကိုင်သောစီးပွားရေးကို ဆိုသည်။

(ဝ) **အဏ္ဏဝါသဘာဝသယံဇာတဆိုင်ရာပြစ်မှု** ဆိုသည်မှာ အဏ္ဏဝါသဘာဝသယံဇာတများကို ညစ်ညမ်းမှုဖြစ်စေရန် သို့မဟုတ် ထိခိုက်စေရန်လုပ်ဆောင်ခြင်း၊ တရားမဝင်ရှာဖွေတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် သယ်ယူရွှေ့ပြောင်းခြင်းကို ဆိုသည်။

(သ) **ပင်လယ်ရေကြောင်းဆိုင်ရာဆိုက်ဘာခြိမ်းခြောက်မှု (Maritime Cyber Threat)** ဆိုသည်မှာ ပင်လယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို နှောင့်ယှက်ဟန့်တားရန် အလို့ငှာ ဆိုက်ဘာအရင်းအမြစ်တစ်ခုခုကိုအသုံးပြု၍ ခြိမ်းခြောက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ်ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဟ) **နိုင်ငံတကာသဘောတူစာချုပ်များ** ဆိုရာတွင် နိုင်ငံတော်ကအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းချုပ်ဆိုထားသော စာချုပ်များနှင့် ယင်းစာချုပ်များ၏ နောက်ဆက်တွဲ သဘောတူညီချက်များအားလုံး ပါဝင်သည်။

**အခန်း (၂)**
**ရည်ရွယ်ချက်များ**

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေပြင်နယ်နိမိတ်အတွင်း နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(ခ) ရေပြင်နယ်နိမိတ်အတွင်း ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်းများ၊ တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှုအပါအဝင် တရားမဝင် ဝင်ရောက်အခြေချနေထိုင်မှုများကို တားဆီးနှိမ်နင်းရန်နှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

**စာမျက်နှာ ၅ သို့** ❖

❖ စာမျက်နှာ ၄ မှ

(ဂ) ပင်လယ်ရေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဃ) ပင်လယ်ရေကြောင်းဆိုင်ရာ အမျိုးသားအကျိုးစီးပွား၊ ပင်လယ်ပြာစီးပွားရေး၊ အဏ္ဏဝါပတ်ဝန်းကျင်နှင့် အဏ္ဏဝါဂေဟစနစ်တို့ကို ကာကွယ်စောင့်ရှောက်ရန်၊

(င) ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် နိုင်ငံတကာသဘောတူစာချုပ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များ၊ ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်။

**အခန်း (၃)**

**ဖွဲ့စည်းခြင်း**

၅။ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၊ ယင်း၏ ကွပ်ကဲမှုအောက်ရှိ ကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်စုများ၊ ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်အုပ်များ၊ အခြားလိုအပ်သောဌာနများဖြင့် တည်ဆဲဖွဲ့စည်းပုံနှင့်အညီ ဖွဲ့စည်းရမည်။

၆။ ဝန်ကြီးဌာနသည် ကမ်းခြေစောင့်တပ်ဖွဲ့၏ဖွဲ့စည်းပုံကို လိုအပ်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ကိုယ်ပိုင်အလံနှင့် ကိုယ်ပိုင်တံဆိပ်တို့ကို အသုံးပြုခွင့်ရှိသည်။

**အခန်း (၄)**

**တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၈။ ကမ်းခြေစောင့်တပ်ဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေပြင်နယ်နိမိတ်အတွင်း နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ထိပါးနှောင့်ယှက်မှုမရှိစေရန် ရေကြောင်းလုံခြုံရေးတာဝန်ဆောင်ရွက်ခြင်း၊

(ခ) ရေပြင်နယ်နိမိတ်အတွင်း ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်း၊ မူးယစ်ဆေးဝါး သို့မဟုတ် လက်နက်ကိုသယ်ဆောင်မှု သို့မဟုတ် ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ နိုင်ငံတကာအကြမ်းဖက်မှုစသည့် နိုင်ငံဖြတ်ကျော်ပြစ်မှုများ၊ တရားမဝင် ဖြတ်ကျော်ဝင်ရောက်မှုနှင့် ပင်လယ်ဓားပြမှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း၊

(ဂ) ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေးနှင့် ပင်လယ်ဆိပ်ကမ်းများ၏ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ တာဝန်ခံဌာနအဖြစ် တာဝန်ယူဆောင်ရွက်ခြင်း၊

(ဃ) ရေပြင်နယ်နိမိတ်အတွင်း ရေလမ်းကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေယာဉ်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ခြင်း၊

(င) အဏ္ဏဝါပတ်ဝန်းကျင်နှင့် အဏ္ဏဝါဂေဟစနစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး တားဆီးကာကွယ်ခြင်း၊

(စ) နိုင်ငံတော်၏ ကမ်းရိုးတန်းနိုင်ငံဆိုင်ရာ လုပ်ငန်းတာဝန်များကို တာဝန်ခံဌာနအဖြစ် ဆောင်ရွက်ခြင်းနှင့် ဆိပ်ကမ်းနိုင်ငံဆိုင်ရာ လုပ်ငန်းတာဝန်များကို ပြည်တွင်းပြည်ပ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) နိုင်ငံတော်၏အရေးပေါ်အခြေအနေတွင် တပ်မတော်(ရေ)နှင့်ပူးပေါင်း၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခြင်း၊

(ည) ကမ်းခြေစောင့်တပ်ဖွဲ့နှင့်သက်ဆိုင်သည့်ပညာရပ်များ လေ့ကျင့်သင်ကြားနိုင်သော သင်တန်းများနှင့် နိုင်ငံတကာရေကြောင်းဆိုင်ရာအဖွဲ့အစည်းများ၏ စံချိန်စံညွှန်းနှင့်ညီသောကျောင်းများ ဖွင့်လှစ်ခြင်း၊

(ဋ) အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေထုညစ်ညမ်းမှု ကာကွယ်တားဆီးခြင်းတို့နှင့်စပ်လျဉ်း၍ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဌ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၉။ ကမ်းခြေစောင့်တပ်ဖွဲ့အကြီးအကဲသည် -

(က) ကမ်းခြေစောင့်တပ်ဖွဲ့ကို တာဝန်ခံကြီးကြပ်ကွပ်ကဲရမည်။

(ခ) ကမ်းခြေစောင့်တပ်ဖွဲ့၏ ဖွဲ့စည်းပုံကိုပြင်ဆင်ရန်လိုအပ်ပါက ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြနိုင်သည်။

(ဂ) ကမ်းခြေစောင့်တပ်ဖွဲ့၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လိုအပ်သောစီမံချက်များနှင့် စီမံကိန်းများကို ဝန်ကြီးဌာန၏မူဝါဒများနှင့်အညီ ရေးဆွဲချမှတ်ဆောင်ရွက်ရမည်။

(ဃ) မိမိ၏လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သင့်လျော်သည့် တပ်ဖွဲ့ဝင်အရာရှိတစ်ဦးဦးအား သတ်မှတ်ချက်များနှင့်အညီ လွှဲအပ်ဆောင်ရွက်နိုင်သည်။

(င) တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာ၊ စီမံကိန်းနှင့်လေ့ကျင့်ရေးစီမံချက်များကို ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

**အခန်း (၅)**

**ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး**

၁၀။ နိုင်ငံခြားရေယာဉ်သည် မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေနှင့်အညီ အပြစ်ကင်းသော ဖြတ်သန်းမှုကိုကျင့်သုံးခွင့်ရှိသည်။

၁၁။ ကမ်းခြေစောင့်တပ်ဖွဲ့သည် အောက်ပါတာဝန်တို့ကို ဆောင်ရွက်ရမည် -

(က) နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ ပိုင်နက်ပင်လယ်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင်-

(၁) နိုင်ငံခြားရေယာဉ်၏ အပြစ်ကင်းသောဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ နိုင်ငံတော်၏လုံခြုံရေး သို့မဟုတ် ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေးနှင့် စပ်လျဉ်း၍လိုအပ်ပါက ဖြတ်သန်းသည့်ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၂) နိုင်ငံခြားရေယာဉ်၏ အပြစ်ကင်းသောဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိရသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကိုရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၃) ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်းများနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ ဆိုက်ဘာခြိမ်းခြောက်မှုများကို စုံစမ်းစစ်ဆေးခြင်း၊

(၄) နိုင်ငံတော်၏ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခွင့်အရ ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်က ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုကို သီးခြားဆောင်ရွက်ပေးရန်တောင်းဆိုလျှင် အဆိုပါဝန်ဆောင်မှုလုပ်ငန်းအတွက် သတ်မှတ်ထားသောအခကြေးငွေကိုပေးသွင်းစေပြီး ဆောင်ရွက်ပေးခြင်း၊

(၅) နိုင်ငံတော်၏အတွင်းပိုင်းရေပြင်၌ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခဲ့ပြီး ပိုင်နက်ပင်လယ်ကို ဖြတ်သန်းသွားလာသော နိုင်ငံခြားရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၆) ရေယာဉ်၏အမှတ်အသား သို့မဟုတ် အလံကို အတုပြုလုပ်မှု သို့မဟုတ် ပုံစံတူဆင့်ပွားပြုလုပ်မှုကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးခြင်း၊

(၇) နိုင်ငံတော်၏ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်း မဟုတ်သည့် ဖြတ်သန်းသွားလာခြင်းကို သတ်မှတ်ချက်များနှင့်အညီ တားဆီးကာကွယ်ခြင်း၊

(၈) နိုင်ငံတော်၏အတွင်းပိုင်းရေပြင်သို့ ခုတ်မောင်းနေသည့်ရေယာဉ်များ စည်းကမ်းလိုက်နာမှုရှိစေရန် ဆောင်ရွက်ခြင်း၊

(၉) လုံခြုံရေးဆိုင်ရာ အရေးပေါ်အခြေအနေအရဖြစ်စေ၊ ဘေးအန္တရာယ်ကင်းရှင်းရေးအရဖြစ်စေ၊ ရေယာဉ်တွင်စီးနင်းလိုက်ပါသူများ၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအရဖြစ်စေ၊ ရာသီဥတုအခြေအနေအရဖြစ်စေ၊ အခြားသောအရေးပေါ်အခြေအနေတစ်ရပ်ရပ်အရဖြစ်စေ ဝင်ရောက်လာသော နိုင်ငံခြားရေယာဉ်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ရပ်နားခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ အတွင်းပိုင်းရေပြင်သို့ ဝင်ခွင့်ပြုခြင်း သို့မဟုတ် ဝင်ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(၁၀) ပုံမှန်ကင်းလှည့်ခြင်းနှင့် နိုင်ငံတော်၏တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့်ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၁၁) တရားမဝင်ဖြတ်ကျော်ဝင်ရောက်သည့် ရေယာဉ်ကိုရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၁၂) တရားမဝင်ဖြတ်ကျော်ဝင်ရောက်သည့် လူပုဂ္ဂိုလ်ကို တားဆီးခြင်း သို့မဟုတ် အရေးယူခြင်း၊

(၁၃) လူနေထိုင်သောကျွန်းများ၏ ဘေးကင်းလုံခြုံရေးကို ဆောင်ရွက်ခြင်းနှင့် လူနေထိုင်ခြင်းမပြုရန် သတ်မှတ်ထားသည့်ကျွန်းများတွင် တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရန် တားဆီးခြင်း။

(ခ) ဆက်စပ်ဇုန်အတွင်း နိုင်ငံတကာသဘောတူစာချုပ်များအရ ပေးအပ်ထားသော လွတ်လပ်စွာဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှုအပါအဝင် လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေးဆိုင်ရာဥပဒေများပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(ဂ) သီးသန့်စီးပွားရေးဇုန်အတွင်း-

(၁) နိုင်ငံတကာသဘောတူစာချုပ်များအရ ပေးအပ်ထားသော လွတ်လပ်စွာ ဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ အဏ္ဏဝါသဘာဝသယံဇာတဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၂) ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေး သို့မဟုတ် ပင်လယ်ဆိပ်ကမ်းအပေါ် ကျူးလွန်သော အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု သို့မဟုတ် နှောင့်ယှက်မှုကို တားဆီးနှိမ်နင်းခြင်း၊

(၃) ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေးလုပ်ငန်းဆောင်ရွက်ရာနေရာ သို့မဟုတ် ပင်လယ်ဆိပ်ကမ်းတွင် လုံခြုံရေးချိုးဖောက်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူတစ်ဦးဦးက ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ သို့မဟုတ် ပင်လယ်ပြာစီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာနေရာအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ကြောင်း မသင်္ကာဖွယ်တွေ့ရှိပါက သို့မဟုတ် သတင်းရရှိပါက ဝင်ရောက်ရှာဖွေစစ်ဆေးခြင်း၊

(၄) ပင်လယ်ရေကြောင်းလုံခြုံရေးခြိမ်းခြောက်မှုကို တပ်မတော်(ရေ)နှင့် ပူးပေါင်း၍ ကာကွယ်တားဆီးခြင်း၊

(၅) ပင်လယ်ဆိပ်ကမ်း၊ ရေယာဉ်၊ လူပုဂ္ဂိုလ်၊ ကုန်ပစ္စည်း သို့မဟုတ် ပင်လယ်ပြာစီးပွားရေး၏လုံခြုံရေးကို ထိခိုက်နိုင်သည့်အခြေအနေတွင် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ တပ်မတော်(ရေ)နှင့်ပူးပေါင်း၍ အမျိုးသားအဆင့် လုံခြုံရေးအဆင့်နှင့် ဧရိယာများသတ်မှတ်ခြင်းနှင့် သက်ဆိုင်သူများထံသို့ အသိပေးကြေညာခြင်း။

(ဆက်လက်ဖော်ပြမည်)

# သမိုင်းဝင် စစ်ရေယာဉ် (မေယု)

သီသီသောင်း (အမျိုးသားပြတိုက် - ရန်ကုန်)

**ပြတိုက်ရေယာဉ်(Museum Ship) ဟုခေါ်တွင်သော သင်္ဘောသည် ရေကြောင်းပညာရပ်ဆိုင်ရာ လေ့လာသင်ယူနိုင်ရန် သို့မဟုတ် အမှတ်တရအောက်မေ့ဖွယ်ထိန်းသိမ်းထားရန် ရည်ရွယ်ချက်ဖြင့် အများပြည်သူများလေ့လာနိုင်ရန် ပြတိုက်အဖြစ် ပြောင်းလဲဖွင့်လှစ်ထားသောသင်္ဘောဖြစ်ပါသည်။ အချို့ကို လေ့ကျင့်ရေးနှင့် စုဆောင်းရေးရည်ရွယ်ချက်များအတွက်လည်း အသုံးပြုကြသည်။**

ပြတိုက်ရေယာဉ်ဟူသည် ပင်လယ်ပြင်တွင် တစ်စင်းစီ၏ ၎င်းတို့စွမ်းဆောင်ခဲ့သည့် ထူးခြားသော သမိုင်းဝင်ရေယာဉ်အဟောင်းများကို သေချာထိန်းသိမ်းပြီး ပြတိုက်အဖြစ် ဖွင့်လှစ်ထားခြင်းဖြစ်ပါသည်။ စစ်ရေယာဉ်များ၊ ပစ္စည်းသယ်ရေယာဉ်များ၊ စူးစမ်းရှာဖွေရေးရေယာဉ်များလည်း ပါဝင်ပြီး ယနေ့ခေတ်တွင်မူ ကမ္ဘာအနှံ့၌ ပြတိုက်ရေယာဉ်များကို အများပြည်သူ တိုက်ရိုက်ခံစားကြည့်ရှုနိုင်စေရန် ဖွင့်လှစ်ပြသထားခြင်းဖြစ်ပါသည်။

ရာပေါင်းများစွာသော ပြတိုက်ရေယာဉ်များကို ကမ္ဘာတစ်ဝန်းတွင် ထိန်းသိမ်းပြသထားပြီး ၎င်းတို့ထဲမှ ၁၇၅ စင်းခန့်သည် သမိုင်းဝင်ရေတပ်သင်္ဘောများဖြစ်ကြပါသည်။ အများအပြားသည် ရေတပ်သင်္ဘောများ မဟုတ်ကြသော်လည်း အထွေထွေကုန်သွယ်သင်္ဘောများမှ မီးသင်္ဘော၊ ဆွဲသင်္ဘောများအထိ ပါဝင်ကြပါသည်။ ပြတိုက်ရေယာဉ်အများအပြားကို ရေကြောင်းပြတိုက်များတွင်လည်း ပြသထားပြီး ၎င်းသင်္ဘောများကို ထိန်းသိမ်းခြင်းသည် ကုန်ကျစရိတ်များလှပေသည်။

ပြတိုက်ရေယာဉ်များ၏ အရေးပါသော အကြောင်းများမှာ–

**သမိုင်းကြောင်းကို ထိန်းသိမ်းခြင်း။** ပြတိုက်ရေယာဉ်များသည် သမိုင်းတစ်လျှောက်ကာလအတွင်း ရေတပ်ဘဝ(naval life)၊ နည်းပညာဖွံ့ဖြိုးမှုများ (technology) နှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုများ(maritime warfare)ကို ကိုယ်တိုင်ခံစားနိုင်သော အတွေ့အကြုံများပေးနိုင်သည်။

**ပြည်သူလူထုအား ပညာပေးခြင်း။** ပြတိုက်ရေယာဉ်များတွင် များသောအားဖြင့် ပြပွဲများ၊ အသံလမ်းညွှန်မှုနှင့် ပညာရေးအစီအစဉ်များ ပြုလုပ်၍ ရေကြောင်းသမိုင်းကို လေ့လာရန်အတွက် ပညာပေးသည်။

**ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်း။** ပြတိုက်ရေယာဉ်များသည် တိုင်းပြည်၏ ရေကြောင်းသမိုင်းတန်ဖိုးအပေါ် မျိုးဆက်သစ်များအား ဂုဏ်ယူမှုနှင့် national maritime identity တစ်ခုအဖြစ် သတိရစေသည်။

**ထူးခြားသည့်သမိုင်းအဖြစ်အပျက်များ ပြောပြခြင်း။** ရေကြောင်းတိုက်ပွဲအတွေ့အကြုံ၊ သံတမန်ရေးရာ၊ ကုန်သွယ်ရေကြောင်းသွားလာရေး စသည့် အကြောင်းအရာများဖြင့် ထူးခြားသည့်သမိုင်းဇာတ်လမ်းများကို အနုပညာဖန်တီးမှုတစ်ခုအဖြစ် တန်ဖိုးရှိစွာ ဖြန့်ဝေနိုင်သည်။

> **ရာပေါင်းများစွာသော ပြတိုက်ရေယာဉ်များကို ကမ္ဘာတစ်ဝန်းတွင် ထိန်းသိမ်းပြသထားပြီး ၎င်းတို့ထဲမှ ၁၇၅ စင်းခန့်သည် သမိုင်းဝင်ရေတပ်သင်္ဘောများဖြစ်ကြပါသည်။ အများအပြားသည် ရေတပ်သင်္ဘောများ မဟုတ်ကြသော်လည်း အထွေထွေကုန်သွယ်သင်္ဘောများမှ မီးသင်္ဘော၊ ဆွဲသင်္ဘောများအထိ ပါဝင်ကြပါသည်။ ပြတိုက်ရေယာဉ်အများအပြားကို ရေကြောင်းပြတိုက်များတွင်လည်း ပြသထား**



၁၉၄၇ ခုနှစ် မေလ ၂၅ ရက်နေ့တွင် ဗမာ့တပ်မတော်ထံ ဗြိတိသျှအစိုးရက မေယုသင်္ဘောအား လွှဲပြောင်းပေးအပ်သည့် အခမ်းအနား၌ ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်စဉ်။ (ဗိုလ်ချုပ်ဘေးမှ ခေါင်းကိုင်ထားသူမှာ စစ်ရေယာဉ်(မေယု)၏ပထမဆုံး စစ်ရေယာဉ်မှူး ဗိုလ်မှူးခင်မောင်ဘို ဖြစ်သည်။)

ကမ္ဘာအနှံ့ရှိ ပြတိုက်ရေယာဉ်များမှ အချို့မှာ– HMS Belfast (အင်္ဂလန်)၊ Vasa (ဆွီဒင်)၊ USS Midway (အမေရိကန်)၊ Cap San Diego (ဂျာမနီ)၊ HMS Unicorn (အင်္ဂလန်)၊ Sigyn၊ First museum ship in 1939 (ဖင်လန်)၊ Aurora (ရုရှား)၊ Mikasa (ဂျပန်)တို့ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံတွင်လည်း ပြတိုက်ရေယာဉ်ရှိပြီး အမည်မှာ စစ်ရေယာဉ်မေယုဖြစ်ပါသည်။ ၎င်းသည် မြန်မာ့တပ်မတော်သမိုင်းတွင် အရေးကြီးသည့် အခန်းမှ ပါဝင်ခဲ့ပြီး မြန်မာ့တပ်မတော်(ရေ)၏ တိုးတက်မှုနှင့် အောင်မြင်မှုများတွင်လည်း ထင်ရှားသောအခန်းကဏ္ဍတစ်ခုမှ ပါဝင်ထမ်းဆောင်ခဲ့ပါသည်။ ထို့ကြောင့် စစ်ရေယာဉ်မေယုသည် မြန်မာနိုင်ငံသားတို့၏ နှလုံးသားအတွင်း အမြဲတမ်း အမှတ်ရနေမည့် အမည်တစ်ခုဖြစ်ပါသည်။ စစ်ရေယာဉ်(မေယု)သည် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်လက်ခံခဲ့သည့် လွတ်လပ်ရေးနှင့်အတူ ပေါ်ထွန်းလာသော သမိုင်းဝင်စစ်ရေယာဉ်တစ်စင်းဖြစ်ပါသည်။ ယင်းသည် ဖရီးဂိတ် (River-class frigates )အမျိုးအစားဖြစ်ပြီး အလျား ၃၀၁ ပေ ၇ ဒသမ ၇၅ လက်မ၊ အနံ ၃၇ ပေ ၉ ဒသမ ၂၅ လက်မ၊ ရေစူး ၁၄ ပေ ၄ လက်မ၊ ဝန်ပြည့်အလေးချိန် ၁၆၁၄ ဒသမ ၉၁ တန်ရှိပါသည်။

မူလအမည်မှာ HMS Fal ဖြစ်ပြီး ဗြိတိသျှတော်ဝင်ရေတပ် အမှတ် (၃၈) ကင်းထောက်ရေယာဉ်အုပ်စုတွင် ၁၉၄၃ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့မှ စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယင်းကို အင်္ဂလန်နိုင်ငံ နယူးကာဆယ်မြို့ရှိ Smiths Dock Company က တည်ဆောက်ခဲ့ပြီး ၁၉၄၂ ခုနှစ် မေလ ၂၀ ရက်နေ့တွင် တည်ဆောက်မှုစတင်ကာ နိုဝင်ဘာလ ၉ ရက်နေ့တွင် ရေချခဲ့ပါသည်။ ၁၉၄၃ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် တပ်တော်ဝင်ခဲ့ပြီး စစ်ဆင်ရေးများတွင် ပါဝင်ခဲ့ပါသည်။

၁၉၄၇ ခုနှစ် မေလ ၂၅ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ဗြိတိသျှတော်ဝင်ရေတပ်မတော်က ဗမာပြည်အပျော်တမ်း အရန်တော်ဝင်ရေတပ်မတော် (Burma Royal Naval Volunteer Reserve– BRNVR) သို့ အခမ်းအနားဖြင့် တရားဝင် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ယင်းအခမ်းအနားသို့ ထိုစဉ်က ကာကွယ်ရေးဝန်ကြီးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်ပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးခြင်းနှင့် မေယုစစ်သင်္ဘောကြီးကို တက်ရောက်စစ်ဆေးမိန့်ခွန်းပြောကြားကာ မြန်မာနိုင်ငံကိုယ်စား လက်ခံရယူပြီး ဗြိတိသျှတော်ဝင်ရေတပ်မှ စစ်ရေယာဉ်မှူး ဗိုလ်မှူးမစ်ချယ်လ် (Lieutenant Commander Mitchell) က လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

ထိုအခမ်းအနားတွင် ရေတပ်ထုံးစံအရ ရေယာဉ်ပိုင်ဆိုင်သော နိုင်ငံ၏ ရေတပ်အလံကို လွှင့်ထူရသည်ဖြစ်၍ ရေယာဉ်ဦးပိုင်းရှိ ဗြိတိသျှရေတပ်အလံကိုချပြီး ဗမာပြည်အပျော်တမ်းအရန်တော်ဝင်ရေတပ်မတော်အလံကို လွှင့်ထူခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် လက်ခံရယူခြင်းသည် မြန်မာ့တပ်မတော်ကို တည်ထောင်ရာတွင် ဗိုလ်ချုပ်ကိုယ်တိုင်ပါဝင်မှုနှင့် ရေတပ်ဖွဲ့စည်းမှုသမိုင်းတစ်စိတ်တစ်ပိုင်းအဖြစ် တိတိကျကျ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

မေယုစစ်သင်္ဘောကြီး၏ ကုန်းပတ်တွင် ပြုလုပ်သည့် ယင်းအခမ်းအနားကို အစိုးရအဖွဲ့ဝင်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံကို မဟာမိတ်များ ပြန်လည်ထိုးစစ်ဆင်ချိန် ဖက်ဆစ်တော်လှန်ရေးကာလ ရခိုင်တိုက်ပွဲစဉ်များတွင် မြန်မာ့တပ်မတော်(ရေ) တပ်ဖွဲ့ဝင်များက မေယုမြစ်အတွင်း ရှုပ်ရှုပ်ချွံချွံ ပါဝင်တိုက်ခိုက်ခဲ့သည်ကို မမေ့နိုင်သည့်အတွက် ဂုဏ်ပြုသောအားဖြင့် HMS Fal မှနေ၍ အမည်နာမထင်ရှားစေရန် စစ်ရေယာဉ် မေယုဟု အမည်ပြောင်းလဲခဲ့ပါသည်။ ပထမဆုံးစစ်ရေယာဉ်မှူးမှာ မေယုတိုက်ပွဲစဉ်များတွင် စွမ်းစွမ်းတမံ ပါဝင်ခဲ့သော ဗိုလ်မှူးခင်မောင်ဘိုဖြစ်ပြီး ဗိုလ်ကြီးစည်သူကျော်သိန်းလွင်ကလည်း တာဝန်ရှိအရာရှိအဖြစ် လိုက်ပါခဲ့သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗြိတိသျှ ကိုလိုနီလက်အောက်မှ မြန်မာနိုင်ငံ လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် HMS Birmingham နှင့်အတူ သေနတ် ၂၅ ချက်ပစ်ဖောက်၍ အလေးပြုခြင်း၌လည်း ပါဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် မေယုစစ်သင်္ဘောကို မြန်မာ့တပ်မတော်(ရေ)သို့ အပြီးအပိုင်လက်ဆောင်အဖြစ်ပေးခဲ့ရာ HMBS Mayu မှ Union of Burma`s Ship– UBS Mayu ဟု တရားဝင်အမည်ပြောင်းမှတ်ပုံတင်ခဲ့ပါသည်။ UBS Mayu သည် ၁၉၄၈ ခုနှစ် မြန်မာ့လွတ်လပ်ရေးရပြီးနောက်ပိုင်း ရှုပ်ထွေးလှသော နှစ်များအတွင်း အင်းစိန်၊ ပုသိမ်၊ ကျောက်ဖြူ၊ မော်လမြိုင်၊ သန်လျင်–ကျိုက်ခေါက် စသည့် တိုက်ပွဲအမျိုးမျိုးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ အမိနိုင်ငံတော်အတွက် မြန်မာ့တပ်မတော်(ရေ) နှင့်အတူ စစ်ရေယာဉ်မေယုသည် ကြီးလေးသောတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

စာမျက်နှာ ၇ သို့ ☆



၁၉၄၇ ခုနှစ် မေလ ၂၅ ရက်နေ့တွင် ဗြိတိသျှအစိုးရက ဗမာ့တပ်မတော်ထံ လွှဲပြောင်းပေးအပ်သည့် စစ်ရေယာဉ်(မေယု)ကို တွေ့ရစဉ်။

## စစ်အင်အားတောင့်တင်းမှ ကမ္ဘာ့လူရာဝင်နိုင်

**စစ်အင်အားတောင့်တင်းမှ ကမ္ဘာ့လူရာဝင်နိုင်သည်ကို ရှင်းပြနေရန်ပင်လိုမည် မထင်ကြောင်း။ လက်နက်အင်အား၊ စစ်မက်အင်အား၊ နိုင်ငံရေးအား၊ ကြီးပွားရေးအားများ အရေးကြီးကြောင်း။ အရင်းခံမှာ စစ်မက်အင်အား၊ နိုင်ငံရေးအားများ ဖြစ်ကြောင်း။**

*[ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ ပုသိမ်မြို့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်]*



## (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန် ညွှန်ကြားထား

**နေပြည်တော်  ဇူလိုင်  ၁၇**

၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက် (စနေနေ့)(၇၈) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကိုနိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက် ဌာန/ ရုံးအဆင့်ဆင့်သို့ ဆက်လက်အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ–ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ–ဓမ္မစေတီလမ်းဆုံထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှ လည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှ လည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲဆောင်ရွက် နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

☆ စာမျက်နှာ ၆ မှ

နောင်တွင် မြန်မာ့တပ်မတော်(ရေ) ၏ အထင်ကရ အလံဆောင် အဓိကစစ်ရေယာဉ် (FLAGSHIP) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သင်္ဘောပေါ်တွင် ရေကြောင်းဆိုင်ရာပညာ၊ စစ်လက်နက်ဆိုင်ရာပညာ၊ စက်မှုဆိုင်ရာသင်တန်းများလည်း ဖွင့်လှစ်ခဲ့ပါသည်။

နောက်ဆုံးတွင် မေယုစစ်သင်္ဘောကြီးသည် စစ်ဆင်ရေးတာဝန်၊ လေ့ကျင့်မှုနှင့် နိုင်ငံတကာ ချစ်ကြည်ရေးခရီးများအတွက် နှစ် ၃၀ ကျော်တာဝန်ထမ်းဆောင်ပြီးနောက် ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် တပ်တော်ဝင်အဖြစ်မှ အနားယူခဲ့ပါသည်။ ယနေ့အထိ သမိုင်းဝင်စစ်ရေယာဉ်မေယုသည် မြန်မာ့တပ်မတော်သမိုင်းထဲမှ အထင်ကရသင်္ဘောတစ်စင်းအဖြစ် ဂုဏ်ယူဖွယ်ရှိနေပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် လက်ခံယူပြီး မြန်မာ့တပ်မတော်(ရေ)သမိုင်း၏ ပထမဆုံးစစ်သင်္ဘောအဖြစ် မွေးဖွားလာခဲ့သည့်မေယုစစ်သင်္ဘောကြီးသည် သက်တမ်းရှည်သမိုင်းဝင် စစ်သင်္ဘောကြီးတစ်စင်းအဖြစ် ရပ်တည်လျက်ရှိပါသည်။

> **❛ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် မေယုစစ်သင်္ဘောကို မြန်မာ့တပ်မတော်(ရေ)သို့ အပြီးအပိုင်လက်ဆောင်အဖြစ်ပေးခဲ့ရာ HMBS Mayu မှ Union of Burma`s Ship- UBS Mayu ဟု တရားဝင်အမည်ပြောင်း မှတ်ပုံတင်ခဲ့ပါသည်။ UBS Mayu သည် ၁၉၄၈ ခုနှစ် မြန်မာ့လွတ်လပ်ရေးရပြီးနောက်ပိုင်း ရှုပ်ထွေးလှသော နှစ်များအတွင်း အင်းစိန်၊ ပုသိမ်၊ ကျောက်ဖြူ၊ မော်လမြိုင်၊ သန်လျင်-ကျိုက်ခေါက် စသည့်တိုက်ပွဲအမျိုးမျိုးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ အမိနိုင်ငံတော်အတွက် မြန်မာ့တပ်မတော်(ရေ)နှင့်အတူ စစ်ရေယာဉ်မေယုသည် ကြီးလေးသောတာဝန်များကို ထမ်းဆောင်ခဲ့ ❜**



၁၉၄၇ ခုနှစ် မေလ ၂၅ ရက်နေ့တွင် ဗမာ့တပ်မတော်ထံ ဗြိတိသျှအစိုးရက စစ်ရေယာဉ်(မေယု)အား လွှဲပြောင်းပေးအပ်သည့် အခမ်းအနား၌ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားစဉ်။

ယနေ့အခါတွင် တာဝန်မှ အနားယူထားသည့် စစ်ရေယာဉ် မေယုသည် မြန်မာ့လွတ်လပ်ရေး ရယူရန်အတွက် သမိုင်းကြောင်းထဲမှ တန်ဖိုးရှိသည့် မြန်မာ့သမိုင်းကဏ္ဍတစ်ခုအနေဖြင့် နောင်မျိုးဆက်သစ်များ မိမိတိုင်းပြည်၏ သမိုင်းကြောင်း၊ လွတ်လပ်ရေးရယူရန်ကာလများတွင် ဘယ်လို စစ်ဆင်ရေးတွင် ပါဝင်ခဲ့သည်၊ ဘယ်လိုပေးဆပ်မှုများ ရှိခဲ့သည်ဆိုသည်ကို စသဖြင့် သိရှိလေ့လာနိုင်ရန် အရေးပါသော အမွေအနှစ်တစ်ခုအဖြစ် သန်လျင် တပ်နယ် ရေတပ်လေ့ကျင့်ရေးဌာနချုပ်တွင် မူလပုံစံအတိုင်း ပြတိုက်ရေယာဉ်အဖြစ် ထိန်းသိမ်းခင်းကျင်းပြသထားပါသည်။ စစ်ရေယာဉ်မေယုသည် သက်မဲ့ရေယာဉ်တစ်စင်းဖြစ်သော်လည်း သမိုင်းတန်ဖိုးကြီးသည့် အမွေအနှစ်တစ်ခုအဖြစ် နောင်မျိုးဆက်များအား လွတ်လပ်ရေး၏အရေးပါမှုနှင့် တန်ဖိုးကို ပြောပြပေးနေသကဲ့သို့ပင်ဖြစ်ပါတော့သည်။ ။

**ကိုးကား–**


**Wikipedia contributors. (2025, May 10). UBS Mayu. Wikipedia. https://en.wikipedia.org/wiki/UBS_Mayu**

**Wikipedia contributors. (2024, June 25). River–class frigate (Royal Navy). Wikipedia. https://en.wikipedia.org/wiki/River–class_frigate**

**Wikipedia contributors. (n.d.). HMS Belfast. Wikipedia. Retrieved July 13, 2025, from https://en.wikipedia.org/wiki/HMS_Belfast**

**British Heritage. (n.d.). Historic ships and museum vessels. Retrieved July 13, 2025, from https://britishheritage.com**

# ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီအစည်းအဝေး ကျင်းပ

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စိုက်ကေ ငါးသန်းကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၆၈၈ ဘီလီယံ ထုတ်ချေးရန် လျာထား




**နေပြည်တော် ဇူလိုင် ၁၇**

ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ(၁/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကော်မတီဝင်ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊ စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် အခြေခံစားသောက်ကုန် ဈေးနှုန်းများ မြင့်တက်မှုသည် ပုံသေဝင်ငွေရရှိသည့် လခစားဝန်ထမ်းများနှင့် အခြေခံလူတန်းစားများအပေါ် သက်ရောက်မှုကြီးမားကြောင်း၊ “နိုင်ငံတော်၏ စီးပွားရေး တိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး”တွင် နိုင်ငံတော်ဝန်ကြီးချုပ်က အခြေခံစားကုန်များကို အထွက်နှုန်း တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်များ၏ ဈေးနှုန်းကို သင့်တင့်သောဈေးနှုန်းများဖြစ်စေရန်၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို အသုံးချ၍ ကုန်ထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်ရန်နှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်စသည့် သီးနှံများကို တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းတွင် ဆီဖူလုံမှုရှိစေရေး တွန်းအားပေးဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အတိုးနှုန်းသက်သာသည့် ချေးငွေများနှင့် ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်း စိုက်ဧက ငါးသန်းကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၆၈၈ ဘီလီယံ ထုတ်ချေးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီ တိုးမြှင့်ထုတ်လုပ်ရေး ရင်းနှီးလည်ပတ်ငွေ လိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အတိုးနှုန်းသက်သာသည့် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း။

ထို့အပြင် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကြောင့် ကုန်ဈေးနှုန်းအပေါ် သက်ရောက်မှု မဖြစ်စေရေးအတွက် ကြပ်မတ်ထိန်းသိမ်းပေးရမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း အခြေခံစားသောက်ကုန်များ ပြတ်လပ်မှု မရှိစေရေး၊ ဈေးနှုန်းမြင့်တက်မှု မဖြစ်ပေါ်စေရေး၊ ဒေသတစ်ခုမှ တစ်ခုသို့ ကုန်စည်စီးဆင်းမှုတွင် အခက်အခဲများမရှိစေရေးအတွက် ကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒေသအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများ အားလုံးက ကြိုတင်စီမံ၍ ပူးပေါင်း ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီ အပါအဝင် အခြေခံစားသောက်ကုန် ဈေးနှုန်းများ တည်ငြိမ်စေရေး ဆောင်ရွက်မှု အခြေအနေ၊ ကုန်စည်များ စီးဝင်၊ စီးထွက်မှု အခြေအနေ၊ လျော်ဘေးသင့်ဒေသများတွင် အခြေခံစားကုန်များအား ဈေးကားများဖြင့် လှည့်လည်ရောင်းချမှု အခြေအနေတို့ကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် စားဖိုဆောင်သုံး ပစ္စည်းများ ထွက်ရှိမှု၊ ဖူလုံမှု၊ ရောင်းဝယ်မှု အခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ အခြေခံစားသောက်ကုန် ဈေးနှုန်းများ တည်ငြိမ်စေရေးအတွက် နေ့စဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍနှင့် ဒေသအလိုက် ကုန်ဈေးနှုန်းတည်ငြိမ်စေရေး အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍနှင့် အခြားဆက်စပ်ကော်မတီများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ စားသုံးဆီ၊ သားငါး၊ ဥနှင့် မီးဖိုချောင်သုံး ကုန်ပစ္စည်းများ ဈေးနှုန်းတည်ငြိမ်ရေး၊ ပြည်တွင်းလိုအပ်ချက်နှင့် ထုတ်လုပ်မှုပမာဏ ညီညွတ်မျှတရေး၊ ကုန်စည်စီးဆင်းမှု အဝင်၊ အထွက် မှန်ကန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်မှု ပျက်ပြားစေမည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးလူမွန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Konstantin Kanarev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာနတို့ အကြား ချုပ်ဆိုမည့် ရေဒီယို အီလက်ထရောနစ် လုပ်ငန်းနှင့် ဒစ်ဂျစ်တယ်နည်းပညာ နယ်ပယ်ဆိုင်ရာ နားလည်မှုစာချွန်လွှာ (မူကြမ်း)အား လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ရေဒီယိုအီလက်ထရောနစ်လုပ်ငန်းနှင့် ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ်ဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့်အတူ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အမှတ်(၁)ငွေစုငွေချေးသမဝါယမအသင်း အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁)ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမှတ်(၁)ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ သဘာပတိ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေခြည်နွေးနွေးသိမ့်က ဆောင်ရွက်လျက်ရှိသော သမဝါယမလုပ်ငန်းဆိုင်ရာများနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားအတည်ပြုကာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အသင်းသား ၂၇ ဦးအတွက် အစုပေါ်အမြတ်ငွေများကို အသင်းသား၊ အသင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ(ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး





**နေပြည်တော် ဇူလိုင် ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုသည် နိုင်ငံတော်ဖွံ့ဖြိုးရေးကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အဟန့်အတားတစ်ခု ဖြစ်ပေါ်စေသည့် အတွက် ကောင်းမွန်သည့် အစိုးရတစ်ရပ်၊ သန့်ရှင်းသည့် အစိုးရတစ်ရပ် ဖော်ဆောင်ရာ၌ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် အဂတိကင်းရှင်းအောင် ကျင့်ကြံ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံနှင့် ပြည်သူတို့အတွက် စေတနာထားပြီး ရိုးသား၊ ကြိုးစား၊ သစ္စာရှိသည့် ဝန်ထမ်းကောင်းများအဖြစ် အဂတိတရား ကင်းရှင်းစွာဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုကြောင့် နိုင်ငံ၏ အရင်းအမြစ်များ၊ စီမံခန့်ခွဲမှုများ လွဲမှားမှုများဖြစ်ပေါ်ကာ အခြေခံပြည်သူများအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မှစ၍ ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် စုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း ဦးဆောင်သည့်အဖွဲ့သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် ဦးဆောင်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့ (Corruption Prevention Unit–CPU)နှင့်တွေ့ဆုံကာ အဖွဲ့၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်များနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇူလိုင် ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်၊ တတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၁.၇.၂၀၂၅ ရက်မှ ၂၉.၈.၂၀၂၅ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း - ၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊
  ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊
  တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

## တန့်ယန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်း ဖွင့်လှစ်



**တန့်ယန်း ဇူလိုင် ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြန်မာအီလက်ထရောနစ် မဲပေးစက် ကိုင်တွယ် အသုံးပြုနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးသစ်ထွန်းက မြန်မာအီလက်ထရောနစ် မဲပေးစက်၏ ဖွဲ့စည်းတည်ဆောက်ထားမှု၊ မဲပေးစက်၏ လုံခြုံစိတ်ချရမှုများနှင့် ကိုင်တွယ်အသုံးပြုနည်းများကို စာတွေ့လက်တွေ့ ရှင်းလင်းပို့ချခဲ့ရာ သင်တန်းသားသင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**

## ညောင်ဦးမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ညောင်ဦး ဇူလိုင် ၁၇**

မြန်မာအီလက်ထရောနစ်မဲပေးစက်များ ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းနှင့် မဲပေးစက် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းက စက်ကိုင်တွယ်အသုံးပြုခြင်းနှင့် မဲပေးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ ပါဝင်သည့် ဆက်စပ်ပစ္စည်းများနှင့် မဲပေးစက်များ စစ်ဆေးခြင်း၊ အီလက်ထရောနစ် မဲပေးစက် လက်တွေ့တပ်ဆင်လေ့ကျင့်ခြင်း သင်ခန်းစာများနှင့် ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခြင်းနှင့် လက်တွေ့ ကိုင်တွယ်လေ့ကျင့်ခြင်းတို့ကို ဇူလိုင် ၂၆ ရက်အထိ သင်တန်းသား သင်တန်းသူ ၆၉၂ ဦးတို့အား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဒီပါလင်း**

အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း



အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း

- လက်ကိုင်ဖုန်းအမျိုးမျိုး 
- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး 
- အလံအမျိုးမျိုး 
- ဗီနိုင်းစအမျိုးမျိုး 
- လက်ကိုင်အိတ်အမျိုးမျိုး 
- ပုလင်း/ဘူးအမျိုးမျိုး 
- ကင်မရာအမျိုးမျိုး 
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ 
- မီးခြစ်အမျိုးမျိုး 
- ဘောလ်ပင်အမျိုးမျိုး 

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့် တစ်ဦး(၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- ❖ အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗဟန်းမြို့နယ် နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကိုတိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

# မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း လုပ်ငန်းစတင်ခြင်းအခမ်းအနား ကျင်းပ

**ပဲခူး ဇူလိုင် ၁၇**

မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်း၌ တရားမဝင်ကုန်သွယ်မှုများ ထိရောက်စွာတားဆီး ထိန်းချုပ်နိုင်ရန်အတွက် ညောင်ခါးရှည်အမြဲတမ်း စစ်ဆေးရေးစခန်း ကုန်ပစ္စည်းစတင်စစ်ဆေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေး ရေးစခန်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တရားမဝင် ကုန်သွယ်မှုများသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ် စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန် ဘဏ္ဍာငွေများ ဆုံးရှုံးမှုဖြစ်ပေါ်စေပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များနှင့် OSS ဌာနဆိုင်ရာများအား စဉ်ဆက် မပြတ်တွန်းအားပေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါ



ကြောင်း၊ ယခုဖွင့်လှစ်သည့် ညောင်ခါးရှည် အမြဲတမ်း စစ်ဆေးရေးစခန်းနေရာသည် Choke Point နေရာ အဖြစ်ရွေးချယ်၍ တည်ဆောက်ထားခြင်းဖြစ်သဖြင့် တရားမဝင်ကုန်သွယ်မှု တားဆီး၊ ဖမ်းဆီးမှုများကို ထိရောက်စွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တာဝန်ကျဝန်ထမ်းများအနေဖြင့် မိမိတို့ဌာနအလိုက် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မှတ်ယူ၍ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြ စေလိုကြောင်း အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးသိန်းဆွေက ညောင်ခါးရှည်အမြဲတမ်း စစ်ဆေးရေးစခန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်၊ အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရတို့က ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း လုပ်ငန်းစတင်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများသည် ကုန်ပစ္စည်းစစ်ဆေးနေမှု အခြေအနေ များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရ သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကျောက်ဖြူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဇူလိုင် ၁၇**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန် ရှိသူများနှင့်အတူ ယမန်နေ့နံနက် ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အမှတ်(၃) ဆိပ်ကမ်းတံတား၌ ဆန်နှင့် အခြေခံစားသောက်ကုန် ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ရောက်ရှိလာမှုနှင့် ကုန်ပစ္စည်းများ စနစ်တကျ အတင်အချပြုလုပ် နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်နယ် ဝန်ကြီးချုပ်က ဈေးကွက်အတွင်း အမြန်ဆုံး ဖြန့်ဖြူးရောင်းချရေး၊ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းစွာ ဆောင်ရွက်ရေး မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ပေးသည်။

ထို့နောက် ကျောက်ဖြူမြို့နယ် မဒဲကျွန်းရှိ အရှေ့တောင်အာရှရေနံ နှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းတွင် ရေနံနှင့် သဘာဝ ဓာတ်ငွေ့များကို ပိုက်လိုင်းများဖြင့် ပို့လွှတ်ပေးနေမှု၊ စီမံကိန်းဧရိယာ အတွင်း လုံခြုံရေးကိရိယာများ တပ်ဆင်ထားရှိမှုကို လည်းကောင်း၊ ရေနံတင်သင်္ဘောမှ ရေနံများ သိုလှောင်ကန်သို့ ပို့လွှတ်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှု ပြီး စီမံကိန်းရုံး အစည်းအဝေးခန်းမ



၌ စီမံကိန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ခရိုင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ အတွက် ဆန်နှင့် အခြေခံ စားသောက်ကုန်များ ပေးအပ် သည်။

တွေ့ဆုံပွဲအပြီးတွင် ကျောက်ဖြူ ခရိုင် ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာ ရေးစောင့်ရှောက်မှု ခံယူနေကြ သည့် လူနာများကို လှည့်လည် ကြည့်ရှုအားပေးစကားပြောကြား ပြီး လူနာများအတွက် အာဟာရ ဖြည့်စွက်စာများကို လည်းကောင်း၊ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို လည်း ကောင်း ပေးအပ်သည်။

ညနေပိုင်းတွင် ကျောက်ဖြူအဝင် မုခ်ဦးနှင့် မျှော်စင်တို့ကို လည်း ကောင်း၊ ဦးဥတ္တမပန်းခြံ သန့်ရှင်း သာယာလှပရေး ဆောင်ရွက်ထား ရှိမှုကိုလည်းကောင်း ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ညောင်လေးပင်ခရိုင်အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဒိုက်ဦး ဇူလိုင် ၁၇**

ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ် ရေးအဖွဲ့၊ ခရိုင်စိုက်ပျိုး/မွေးမြူရေး လုပ်ငန်းများကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ ပါဝင်သော အဖွဲ့သည် ယနေ့နံနက်ပိုင်းက ဥစားသုံးမှုဖူလုံရေးအတွက်ဒိုက်ဦး မြို့နယ် ဘုတရာကျေးရွာရှိ မွေးမြူ ရေးလုပ်ငန်းရှင် ဦးဇော်လွင်၏



ဥစားဘဲ ကောင်ရေ ၃၀၀၀ မွေးမြူ ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါအဖွဲ့သည် ဒိုက်ဦးမြို့နယ် ရှမ်းစုကျေးရွာအုပ်စု တောင်သူ ဦးသန်းထွန်း၏ လယ်မြေ ၁၀ ဧက အတွင်း ယူရီးယားဓာတ်မြေဩဇာ နှင့်သဘာဝဓာတ်မြေဩဇာ ရောစပ် ကြဲပက်ပွဲကို ကြည့်ရှုအားပေးသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေး/ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌသည် ဒိုက်ဦး မြို့နယ် ကတုတ်ရွာမကျေးရွာ ကတုတ်မျိုးသန့် စိုက်ပျိုးရေးခြံ တွင် ပဲခူးတိုင်းဒေသကြီးထုတ် လူစီး ကောက်စိုက်စက်ဖြင့် အောင်နိုင်တိုး မျိုးစပါး ငါးဧက စိုက်ပျိုးမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။

**ကျော်ကျော်(ပြန်/ဆက်)**

# စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ပညာပေးဆွေးနွေးပွဲ ကျင်းပ

**ကြို့ပင်ကောက် ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး ကြို့ပင် ကောက်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်း အဝေးခန်းမ၌ AI နည်းပညာကို အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ပြောကြား**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျ က တောင်သူများအနေဖြင့် AI နည်းပညာကို အသုံးပြုပြီး စိုက်ပျိုး ရေးကဏ္ဍ တိုးတက်လာစေရန် အတွက် လေ့လာကြရန်ပြောကြား ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ဌေး က ဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ် ချက်နှင့် AI နည်းပညာ Deep seek ဆော့ဖ်ဝဲ အသုံးပြု၍ စိုက်ပျိုး ရေးဆိုင်ရာ အခက်အခဲများကို ဖြေရှင်းမှုပုံစံအား ပရိုဂျက်တာဖြင့် သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မော်လမြိုင်မြို့နယ်၌ မိုးစပါးစိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် ဇူလိုင် ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကော့ခနိကျေးရွာရှိ အေးချမ်းအောင် လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားများ စိုက်ပျိုးလျက်ရှိသော မိုးစပါးများ ပျိုးထောင်စိုက်ပျိုးမှု အခြေအနေအား ပြည်နယ်သမဝါယမဦးစီးဌာန တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါအသင်းမှ အသင်းသားတောင်သူများ၏ မိုးစပါးစိုက်ဧက ၃၇၅ ဧကတွင် ရွှေတစ်ဆုပ် အထွက်တိုးမျိုးစပါးကို ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးလျက်ရှိပြီး တောင်သူများလိုအပ်သည့် သွင်းအားစုများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ လည်းကောင်း၊ အသင်းပိုင်ငွေကြေး ဖြင့်လည်းကောင်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လွိုင်ကော်-မိုးဗြဲ-ဖယ်ခုံ-ပင်လောင်း ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံပြည်သူများ ပုံမှန်အတိုင်းပြန်လည်နေထိုင်သွားလာနိုင်ရေးအတွက် တပ်မတော်သားများနှင့် နိုင်ငံ့ဝန်ထမ်းများက လမ်းများနှင့် ဆေးရုံတို့အား ပြန်လည်ရှင်းလင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၇**

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် လွိုင်ကော်-မိုးဗြဲ-ဖယ်ခုံ-ပင်လောင်း ဆက်သွယ်ရေး လမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက အသက်ကို ပဓာနမထားဘဲ ရဲရင့်စွန့်စားစွာ တိုက်ပွဲဝင်ပြီး မြို့ရွာများ ပျက်စီးမှုအနည်းဆုံးဖြစ်အောင် အဆင့်ဆင့်ခြေကုပ်ယူ၍ ချေမှုန်းဆောင်ရွက်ခဲ့ရာ ၎င်းလမ်းကြောင်းအား ၂၀၂၅ ခုနှစ် ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းတွင် ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ပြီး ဒေသခံပြည်သူများ ပုံမှန်သွားလာလျက်ရှိသည်။

**တက်ရောက်**

အဆိုပါ ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ထိန်းချုပ်နိုင်ရန်အတွက် ရဲရင့်စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြသည့် ဖယ်ခုံမြို့နယ် ဖယ်ခုံ-မိုးဗြဲ ဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဖယ်ခုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ပြုလုပ်ရာ အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ



တာဝန်ရှိသူများ၊ ဖယ်ခုံ-မိုးဗြဲဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးကိစ္စများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူတစ်ဦးက ဖယ်ခုံမြို့နယ် ဒေသဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များအား စားသောက်ဖွယ်ရာများနှင့် ပစ္စည်းများချီးမြှင့်ပေးအပ်သည်။ ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်က ဖယ်ခုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားစဉ် ဆေးရုံ၌ ဘန်ကာများပြုလုပ်၍ ခံစစ်တံတိုင်းသဖွယ်ပြုလုပ်ခြင်းကြောင့် အပျက်အစီးများ ဖြစ်ပေါ်နေသည့် မိုးဗြဲပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးရုံဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိ၊ စစ်သည်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ် အားကစားကွင်း၌ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုကာ ဒေသခံပြည်သူများအား ချီးမြှင့်ငွေများပေးအပ်သည်။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လုမယ်တော်ဂူကျောင်းသို့သွားရောက်ကာ သင်းအုပ်ဆရာတော်နှင့် သွားရောက်တွေ့ဆုံပြီး ဆုတောင်းမေတ္တာပို့သကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဖယ်ခုံမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာတော်များအားလည်းကောင်း၊ နတ်တောကျောင်းတိုက်ရှိ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖယ်ခုံ-ပင်လောင်းကားလမ်းဝဲ/ယာရှိ ချုံနွယ်ပိတ်ပေါင်းများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လွိုင်ကော်-မိုးဗြဲ လမ်းတစ်လျှောက်ရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပိုင်းများ ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇူလိုင် ၁၇**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော် - မိုးဗြဲ - ပင်လောင်း လမ်းပိုင်း မိုင်တိုင် (၈၈/၄)တွင် ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့သည့် ကတ္တရာကွန်ကရစ်လမ်းအား ပြန်လည်ပြုပြင်ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းအမြန်ပြီးစီးအောင် ဆောင်ရွက်သွားရန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ရှမ်း-ကယားနယ်စပ်ရှိ မိုးဗြဲလက်ဝဲမြောင်းမကြီး ပြန်လည်ပြုပြင်၍ အဆိုပါဒေသရှိ လယ်မြေများတွင် စိုက်ပျိုးရေ ပေးဝေနိုင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ အထက (ကုန်းသာ)နှင့် အထက(ခွဲ) (ဝါရီကောခူ) ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရမည့်အခြေအနေများ၊ စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ၊ ဆန်စက်၊ ဆီစက်များ ပြန်လည်လည်ပတ် လုပ်ကိုင်နိုင်ရေး၊



ဘုန်းတော်ကြီးကျောင်းများတွင် ပြန်လည် သီတင်းသုံးနိုင်ရေး ဆောင်ရွက်ပေးရမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါ ကျေးရွာများတွင် ပြည်သူများအား စနစ်တကျပြန်လည်နေရာ ချထားပေးနိုင်ရေးနှင့် ဘုန်းတော်ကြီးကျောင်းများ၊ ဆေးပေးခန်းများ၊ စာသင်ကျောင်းများ၊ ပုဂ္ဂလိကဆန်စက်၊ ဆီစက်လုပ်ငန်းများ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး တာဝန်ရှိသူများက အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် ၃၃/၁၁ ကေဗွီ ငါးအမ်ဗွီအေ ကယန်းသာယာဓာတ်အားခွဲရုံသို့ ရောက်ရှိကာ ဓာတ်အားခွဲရုံ အမြန်ပြန်လည်ပြုပြင်ပြီး လွိုင်ကော်စက်မှုဇုန်နှင့် ပတ်ဝန်းကျင် ကျေးရွာများသို့ ဓာတ်အားများ ပို့လွှတ်နိုင်ရေးနှင့် ဘီလူးချောင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ နိုင်ငံတော်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပို့လွှတ်နိုင်ရေး လွိုင်ကော်-မိုးဗြဲ-ပင်လောင်းလမ်းတစ်လျှောက် မဟာဓာတ်အားလိုင်းများ အမြန်ပြန်လည်ပြုပြင်ဆောင်ရွက်မည့် အခြေအနေများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

**စဉ်ဆက်မပြတ် ဆောင်ရွက်ပေး**

ထို့နောက် နွားလပိုးကျေးလက်ကျန်းမာရေးဌာနခွဲသို့ရောက်ရှိကာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးမှူးက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ခရီးသွားနှင့် ကုန်စည်ပို့ဆောင်ရေးအတွက် စက်သုံးဆီ လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရန် လွိုင်ကော် - မိုးဗြဲလမ်းပိုင်းရှိ စက်သုံးဆီ အရောင်းဆိုင်များ အမြန်ပြန်လည်ဖွင့်လှစ် ရောင်းချနိုင်ရေးနှင့် လက်ရှိဖွင့်လှစ်ရောင်းချလျက်ရှိသည့် စက်သုံးဆီအရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပြုလုပ်

**ရန်ကင်း ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပ၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ကျပန်းစကားပြောပြိုင်ပွဲ၊ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲများကို ယနေ့နံနက်ပိုင်းက ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ကျင်းပရာ အခမ်းအနားတက်ရောက်လာသူများက ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေး နံရံကပ်ပြခန်းများကို ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်နှင့် သဃ်န်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးထိုက်တို့က အမှာစကားပြောကြားသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရကျောင်းသား ကျောင်းသူများအား ပထမ၊ ဒုတိယ၊ တတိယဆုများကို ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က ပေးအပ်ချီးမြှင့်ခဲ့ပြီး ဒုတိယကျောင်းအုပ်ကြီး ဒေါ်ခိုင်ခိုင်ဝင်းနှင့် (ပြန်/ဆက်) ဦးစီးဌာန ဦးစီးအရာရှိဒေါ်လှလှထွေးတို့က ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၅ ရက်တွင် ရန်ကုန်-ပဲခူးလမ်းဟောင်း သာယာအေးကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၂၁၉၆၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၀၄၄၀၀၀)ကိုလည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုးနှင့် ဟောင်ကောင်နိုင်ငံမှ တင်သွင်းလာသော နီလာဟု ယူဆရသည့် အပြာရောင်ကျောက် တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၂၂၄၃၄၀)ကို လည်းကောင်း(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၆၉၀၃၀၀ ကို)သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၆ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ်(၅) ရပ်ကွက် စိန်တလေးလမ်းအနီး၌စုပုံထားသောအကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၇၅၀၀၀)ကို လည်းကောင်း၊ မြဝတီမြို့ အမှတ်(၄) ရပ်ကွက် မေတ္တာ(၃)လမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၇၅၀၀၀ ကို) သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်တောင်းတံတားအနီး၌ ဘားအံမှ မန္တလေးသို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည် X-Ray စက်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀) ကိုလည်းကောင်း(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၆၅၀၀၀၀ ကို)သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင်ကျောက်ချော စစ်ဆေးရေးစခန်း၌ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၈၆၅၄၈၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Shacman Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀၀)ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၇၈၆၅၄၈၅) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၄၁ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၇၉၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၆ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၅၂ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၆၃ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၉၈၅၉၇၈၅)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး<br>https://sacoffice.gov.mm | ၃။ ဥပဒေရေးရာဝန်ကြီးဌာန<br>https://www.mlis.gov.mm | ၅။ Myawady Webportal<br>https://myawady.net.mm |
| ၂။ ကာကွယ်ရေးဝန်ကြီးဌာန<br>https://www.mod.gov.mm | ၄။ ပြန်ကြားရေးဝန်ကြီးဌာန<br>https://www.moi.gov.mm | ၆။ Myanmar National Portal<br>https://myanmar.gov.mm |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများအား ဆုကြေးငွေများ သီးသန့်ချီးမြှင့်ပေးလျက်ရှိသည်။



ထို့ပြင် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များနှင့် အကြမ်းဖက်မှုကိုလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်အချို့သည် ပြည်သူအတွက်ဟူ၍ အကြောင်းပြချက်ဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ ပြည်သူလူထုအား ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ကျောင်းသား ကျောင်းသူ ကလေးသူငယ်များပါမချန် ခြိမ်းခြောက်သတ်ဖြတ်ခြင်းနှင့် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်မှုများကြောင့် ပြည်သူလူထုကလည်း ထောက်ခံအားပေးမှုမရှိခြင်း၊ ၎င်းတို့အဖွဲ့များအချင်းချင်းတွင်လည်း အနိုင်ကျင့်ဗိုလ်ကျမှုများ၊ အဓမ္မမှုများကျူးလွန်ခြင်းတို့ ရှိလာခဲ့ခြင်းအပေါ် လက်ခံနိုင်ခြင်းမရှိတော့ဘဲ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း သိရသည်။

၎င်းအပြင် တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter– Terrorism Operation) များကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ ပြုလုပ်လာကြပြီး အကြမ်းဖက်သမားများ၏ သတင်းများကို အချိန်နှင့်တစ်ပြေးညီ နီးစပ်ရာ တပ်မတော်စစ်ကြောင်းများထံသို့ သတင်းပေးပို့ခြင်း၊ တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထု၏ ၎င်းတို့အပေါ် ထောက်ခံအားပေးမှု မရရှိခြင်းတို့ကြောင့် ပြည်သူများက လက်ခံခြင်းမရှိသည့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် စိတ်ပျက်နောင်တရသည့်အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ သဘောထားအမှန်တို့ကို နားလည်သဘောပေါက်လက်ခံလာခြင်းတို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံအဖွဲ့ဝင်အချို့တို့သည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေအလိုက်ရှိ နီးစပ်ရာတပ်စခန်းများ၊ တာဝန်ရှိသူများနှင့် ချိတ်ဆက်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လျက်ရှိရာ TNLA အဖွဲ့ဝင် အမျိုးသားလေးဦး၊ DPLA အဖွဲ့မှ အဖွဲ့ဝင် အမျိုးသားငါးဦးနှင့် MDY–PDF အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦး၊ စုစုပေါင်း အမျိုးသား ၁၂ ဦး၊ အမျိုးသမီးနှစ်ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်ပြီး နီးစပ်ရာ တပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့အား တာဝန်ရှိသူများက ပြန်လည်လက်ခံ၍ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

ထို့ပြင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည့်အတွက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

## တိုးမြစ်ရေ မအူပင်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## စစ်တောင်းမြစ်ရေ တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၁၇

ဇူလိုင် ၁၇ ရက် မြန်မာစံတော်ချိန် ၁၄ နာရီ ၂၄ မိနစ် ၃၀ စက္ကန့်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၅၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ကလေးမြို့၏ အရှေ့–အရှေ့မြောက်ဘက် (၇)မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၂၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၁၆ ဒီဂရီ၊ အနက် ၈၆ ကီလို မီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာ စကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

---



## ပြည်ကြီးတံခွန်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှုများ ကွင်းဆင်းဆောင်ရွက်

မန္တလေး ဇူလိုင် ၁၇

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ် ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေး ကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ကြီးတံခွန်မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဆွေဆွေဌေး ဦးဆောင်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ပြေစာကပ်နှိပ်သောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ပေးဆောင်ပါ "ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ချိတ်ဆွဲခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငွေကြယ်

---

## ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ ရွှေပညာဒါနသင်တန်း၌ ကျောက်မျက်ပညာပို့ချ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရွှေပညာဒါန(အခမဲ့) သင်တန်းအမှတ်စဉ်(၃၆)တွင် ကျောက်မျက်ပညာဘာသာရပ်ပို့ချမှုကို ယနေ့နံနက်ပိုင်းက ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

### ပြန်လည်ဖြေကြား

ဦးစွာ ကျောက်မျက်ပညာရှင်များဖြစ်သည့် ဦးမောင်မောင်ဆန်း (Gems & Jewellery Trading Co., Ltd)နှင့် ဦးဝင်းတင့် (Summit) တို့က ကျောက်မျက်များ ထွက်ရှိရာ ဒေသများ၊ ကျောက်မျက်များ၏ ပုံစံအမျိုးမျိုး၊ ကျောက်မျက်များ၏ အရည်အသွေးများနှင့် ကျောက်များအား စစ်၊ မစစ်စမ်းသပ်ခြင်းပညာရပ်များကို သင်ကြားပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူများ သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်(ပြန်/ဆက်)



---

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိဖူဆယ်လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ တက်ရောက်သည်။

**ဝင်ရောက်ယှဉ်ပြိုင်**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်း ဖူဆယ်အားကစားကွင်းများကို ကိုယ်ပိုင်တည်ဆောက်ထားပြီး လူငယ်များက အားတက်သရော စိတ်ပါဝင်စားစွာ ကစားနေကြသည့်အတွက် ဖူဆယ်အားကစား အဆင့်အတန်းမြင့်မားရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲမှ ထူးချွန်ထက်မြက်ပြီး အရည်အသွေးပြည့်မီသည့် အားကစားသမားများကို ရွေးချယ်၍ နေပြည်တော်ကိုယ်စားပြုအသင်းအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့် မိမိတို့၏ အရည်အချင်းများကို အကောင်းဆုံးပြသပြီး မိမိတို့အသင်းအနိုင်ရရှိရေး စွမ်းစွမ်းတမံ ကြိုးစားယှဉ်ပြိုင်သွားကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်မှ အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် ဖူဆယ်လက်ရွေးစင်အားကစားသမားကောင်းများ ဖြစ်လာစေရေး ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားကာ ၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ပထမဆုံးပွဲစဉ်အဖြစ် ပုဗ္ဗသီရိမြို့နယ်အသင်းနှင့် ဇေယျာသီရိမြို့နယ် အသင်းတို့ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

# တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ



နေပြည်တော် ဇူလိုင် ၁၇

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်မှ ၁၈ ရက်အထိ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇုန် လေးဇုန်ခွဲ၍ ကျင်းပလျက်ရှိရာ သက်ဆိုင်ရာ ဇုန်များအလိုက် အားကစားကွင်း အသီးသီး၌ ပြိုင်ပွဲဝင်အသင်းများ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့မှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ မွန်းလွဲ ၃ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစား ဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီး အသင်းနှင့် ကယားပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေရလဒ်ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက တစ်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင် အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့်လည်းကောင်း ရလဒ်များရရှိခဲ့ကြသည်။

ဇူလိုင် ၁၈ ရက် မွန်းလွဲပိုင်းမှစတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစား ဥယျာဉ်ကွင်း၌ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်း၌ နေပြည်တော်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး ဇူလိုင် ၂၀ ရက်မှစတင်၍ အမျိုးသား ဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၆)၊ (၇)၊ (၁၃၃)ရပ်ကွက်များတွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆောင်ရွက်ပေးခဲ့**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလဲ့လဲ့ဝင်း၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငြိမ်းကြည်ရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မိုးရာသီကာလအတွင်း ခြင်ပေါက်ပွားမှုမရှိစေရန်အတွက် အသိပညာပေးဟောပြောခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ နေအိမ်များရှိ သောက်သုံးရေကန်များ၊ ရေစည်၊ ရေအိုးများအတွင်းသို့ အဘိတ်ဆေး(Abate)ခတ်ခြင်းလုပ်ငန်းများကို အဖွဲ့သုံးဖွဲ့ခွဲကာ တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဒဂုံတက္ကသိုလ် ကြက်ခြေနီအသင်းခွဲ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း၊ ရှေးဦးပြုစုခြင်း(သာမန်) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ




ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်တွင် ယနေ့နံနက် ၁၀ နာရီက ဒဂုံတက္ကသိုလ်ကြက်ခြေနီအသင်းခွဲက ဦးစီးကျင်းပသည့် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း၊ ရှေးဦးပြုစုခြင်း(သာမန်)သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးက သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဒဂုံတက္ကသိုလ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအေးမြတ်မွန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်မှတ်နှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းနှင့် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားတစ်ဦးက လက်ခံရယူပြီး သင်တန်းသားသင်တန်းသူများက ရှေးဦးပြုစုခြင်းနှင့်ပတ်သက်၍ သရုပ်ပြတင်ဆက်ခဲ့ကြောင်း သိရသည်။

အေးမဥ္ဇူ

# အမေရိကန်နှင့် ဥရောပသုံးနိုင်ငံတို့က အီရန်နှင့် နျူကလီးယားသဘောတူစာချုပ် ချုပ်ဆိုရေးအတွက် နောက်ဆုံးရက် သတ်မှတ်မည်



**ဝါရှင်တန် ဇူလိုင် ၁၇**

အမေရိကန်နှင့် ဥရောပသုံးနိုင်ငံတို့က ဩဂုတ်လကုန်တွင် အီရန်နှင့် နျူကလီးယားသဘောတူစာချုပ် ချုပ်ဆိုရေးအတွက် နောက်ဆုံးရက်သတ်မှတ်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီရိုနှင့် ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးတို့သည် ယမန်နေ့က ဖုန်းခေါ်ဆိုမှုတွင် အဆိုပါ သဘောတူညီချက်ကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အီရန်၏နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး အမေရိကန်နှင့် အီရန်နှစ်နိုင်ငံကြား ဆွေးနွေးပွဲများ ရပ်တန့်နေချိန်တွင် အဆိုပါသဘောတူညီချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ပြီးခဲ့သည့်လက အီရန်နျူကလီးယားစက်ရုံများကို အစ္စရေးနှင့် အမေရိကန်တို့က တိုက်ခိုက်ခဲ့ပြီးနောက် နှစ်ဖက်စလုံးက သဘောတူညီချက်တစ်ခုရရှိရန် စတင်ညှိနှိုင်းခဲ့သော်လည်း ဆွေးနွေးပွဲများမှာ လက်ရှိအချိန်အထိ ရလဒ်ထွက်ပေါ်ခြင်းမရှိသေးပေ။

**ပြန်လည်ချမှတ်**

အီရန်နှင့် နျူကလီးယားသဘောတူစာချုပ် ချုပ်ဆိုရေးအတွက် နောက်ဆုံးသတ်မှတ်ရက်အထိ သဘောတူညီမှုမရရှိပါက ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်တို့က ၂၀၁၅ ခုနှစ်အီရန်သဘောတူညီချက်အရ ရုပ်သိမ်းထားသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ပိတ်ဆို့အရေးယူမှုအားလုံးကို အလိုအလျောက် ပြန်လည်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်က အီရန်နျူကလီးယားဆွေးနွေးပွဲသို့ ပြန်လည်ရောက်ရှိရန် အီရန်နိုင်ငံအား တိုက်တွန်းလျက်ရှိပြီး အီရန်ကလည်း ထပ်မံတိုက်ခိုက်ခံရမှုမဖြစ်ပေါ်စေရေး တောင်းဆိုလျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဂါဇာကမ်းမြောင်ဒေသ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့် ပတ်သက်၍ ဆွေးနွေး

**ကုလသမဂ္ဂ ဇူလိုင် ၁၇**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဂါဇာကမ်းမြောင်ဒေသ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့် ပတ်သက်၍ အရေးပေါ်အစည်းအဝေးတစ်ရပ် ယမန်နေ့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေဖြန့်ဖြူးရေး နေရာတစ်ခုတွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးငယ် ရှစ်ဦးအပါအဝင် ၁၂ ဦး သေဆုံးခဲ့ကြောင်း ဂါဇာဒေသရှိ အာဏာပိုင်များက ပြောကြားသည်။ နေ့စဉ်နှင့်အမျှ ပြင်းထန်စွာ တိုက်ခိုက်ခံနေရကြောင်းလည်း ၎င်းတို့က ပြောသည်။

တစ်နေ့လျှင် ကလေးငယ် ပျမ်းမျှ ၂၈ ဦး သေဆုံးပြီး အဆိုပါအရေအတွက်သည် စာသင်ခန်းတစ်ခန်းနှင့် ညီမျှကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ အမှုဆောင်ဒါရိုက်တာ ကတ်သရင်းရပ်ဆယ်လ်က လုံခြုံရေးကောင်စီအစည်းအဝေး၌ ပြောကြားသည်။

နှစ်နှစ်နီးပါး ကလေးငယ်များနေ့စဉ် သေဆုံးနေရခြင်းအတွက် တိုက်ခိုက်မှုများကို ရပ်တန့်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရေ၊ စားနပ်ရိက္ခာ၊ လောင်စာဆီနှင့် အခြားထောက်ပံ့ရေးပစ္စည်းများ ပြတ်လပ်ရှားပါးနေကြောင်း ဆွေးနွေးပွဲတွင် ပါဝင်သူများက မှတ်ချက်ပြုကြပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးဝေမှုကို အဟန့်အတားမပြုရန် အစ္စရေးအစိုးရကို တိုက်တွန်းပြောကြားခဲ့သည်။ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းကို နိုင်ငံရေးအမြတ်ထုတ်ခြင်းမျိုးမပြုလုပ်သင့်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဒိန်းမတ်အမြဲတမ်းကိုယ်စားလှယ် ခရစ္စတီးနားလက်စ်ဆန်က ပြောကြားသည်။

ယခု ဂါဇာအရေးသည် ကမ္ဘာတစ်ဝန်းရှိ စစ်ပွဲဇုန်များတွင် ဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ၏ အနာဂတ်အတွက် အန္တရာယ်ရှိသော စံနမူနာတစ်ရပ် ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

ဇူလိုင် ၁၃ ရက်တွင် ဂါဇာကမ်းမြောင်ဒေသသို့ ကလေးငယ်များအတွက် လိုအပ်သည့်ထောက်ပံ့ရေးပစ္စည်းများကို ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း ကုလသမဂ္ဂဆိုင်ရာ အစ္စရေးကိုယ်စားလှယ်က ပြန်လည်ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အင်္ဂါဂြိုဟ်မှလွင့်စဉ်လာသည့် ဥက္ကာခဲအားလေလံတင်ရောင်းချ

**နယူးယောက် ဇူလိုင် ၁၇**

အင်္ဂါဂြိုဟ်မှ လွင့်စဉ်လာသည့် ဥက္ကာခဲတစ်ခုအား အမေရိကန်နိုင်ငံ နယူးယောက်တွင် လေလံတင်ရောင်းချခဲ့ရာ ဝယ်ယူသူတစ်ဦးက အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်းဖြင့် ဝယ်ယူခဲ့ကြောင်း သိရသည်။

၂၄ ဒသမ ၅ ကီလိုဂရမ်အလေးချိန်ရှိသည့် ယင်းဥက္ကာခဲကို နိုင်ဂျာနိုင်ငံ အေဂါဒတ်ဒေသ ဆာဟာရသဲကန္တာရတွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလက တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ဂြိုဟ်သိမ်ဂြိုဟ်မွှားများအချင်းချင်း ထိတွေ့မိခြင်းကြောင့် ယင်းဥက္ကာခဲ ကမ္ဘာမြေပြင်သို့ရောက်ရှိလာခြင်းဖြစ်သည်ဟု ပညာရှင်များကခန့်မှန်းပြောကြားသည်။

ယင်းဥက္ကာခဲအား အသေးစိတ်လေ့လာခြင်းဖြင့် အင်္ဂါဂြိုဟ်ဆိုင်ရာ အကြောင်းအရာများကို သိရှိနိုင်မည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ယင်းဥက္ကာခဲသည် ကမ္ဘာဂြိုဟ်၏အနီးတွင်သက်ရှိများနေထိုင်နေသည့် ဂြိုဟ်တစ်ခု ရာစုနှစ်ပေါင်းများစွာချီ၍ တည်ရှိခဲ့ကြောင်း ပြသသည့် သက်သေဖြစ်သည်ဟု လေလံပြပွဲတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုးကား - လိုက်ဖ်ဆိုင်းရင့်စ်**
**ဘာသာပြန် - စိုးသူရ**



# ဆိုရှယ်မီဒီယာပလက်ဖောင်းများအား အွန်လိုင်းလောင်းကစားကြော်ငြာများ ဖယ်ရှားပေးရေး ဂျပန်ရဲတပ်ဖွဲ့ညွှန်ကြား

**တိုကျို ဇူလိုင် ၁၇**

ဂျပန်နိုင်ငံတွင် အွန်လိုင်းလောင်းကစားမှု ပပျောက်ရေးအတွက် ဆိုရှယ်မီဒီယာပလက်ဖောင်းများအား လောင်းကစားမှုနှင့်ပတ်သက်သည့် ကြော်ငြာများကိုအွန်လိုင်းမှ ဖယ်ရှားရန် ရဲတပ်ဖွဲ့က ညွှန်ကြားခဲ့ကြောင်း သိရသည်။

ထို့ပြင်အွန်လိုင်းလောင်းကစားခြင်းနှင့်ပတ်သက်၍ တိုင်ကြားရန်အတွက် အင်တာနက်ဆိုင်ရာ တိုင်ကြားရေးစင်တာတစ်ခုကို ရဲတပ်ဖွဲ့ကဖွင့်လှစ်ခဲ့သည်။ ဆိုရှယ်မီဒီယာများအား အွန်လိုင်းလောင်းကစားကြော်ငြာများကို အွန်လိုင်းမှ ဖယ်ရှားပေးရန် ၎င်းစင်တာကညွှန်ကြားခဲ့သည်။ မကြာမီက ကျင်းပခဲ့သည် ဒိုင်းယတ် လွှတ်တော်အစည်းအဝေးတွင် လောင်းကစားခြင်းအား စွဲလန်းမှုမှ ကုစားမည့်နည်းလမ်းများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၎င်းဥပဒေအရ အွန်လိုင်းတွင် လောင်းကစားခြင်းကိုတားမြစ်ထားပြီး လောင်းကစားသူများကို လောင်းကစားဝက်ဘ်ဆိုက်သို့ဆွဲဆောင်ခြင်းအား တားမြစ်ထားသည်။

အွန်လိုင်းလောင်းကစားနှင့်ပတ်သက်၍ သတိပေးချက်များထုတ်ပြန်ပြီးသည့်အချိန်မှသာ အရေးယူဆောင်ရွက်မည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ အွန်လိုင်းတွင်လောင်းကစားနှင့်ပတ်သက်သည့် အချက်အလက်များကို ဖယ်ရှားရေးအတွက် ရဲတပ်ဖွဲ့က ဆောင်ရွက်မည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# ဂါနာအစိုးရက အစိုးရအဖွဲ့ဝန်ကြီးများနှင့် အစိုးရဌာန အကြီးအကဲများအား လျှပ်စစ်ကားများ အသုံးပြုခွင့်ပေးရန် စီစဉ်



**အက်ခရာ ဇူလိုင် ၁၇**

ဂါနာအစိုးရသည် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု လျော့နည်းစေရန် ရည်ရွယ်ပြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် အစိုးရဌာန အကြီးအကဲများအား လျှပ်စစ်ကားများ အသုံးပြုခွင့်ပေးရန် စီစဉ်နေကြောင်း သိရသည်။

လျှပ်စစ်ကားများ ပြောင်းလဲအသုံးပြုမှုသည် အစိုးရသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ခေတ်မီစေမည့်အပြင် ပိုမိုသန့်ရှင်းပြီး ကုန်ကျစရိတ်သက်သာသော စွမ်းအင်အသုံးပြုမှုဆိုင်ရာ အမျိုးသားအဆင့်သို့ ကူးပြောင်းခြင်းဖြစ်ကြောင်း စွမ်းအင်နှင့် အစိမ်းရောင် အသွင်ကူးပြောင်းရေး ဝန်ကြီး ဂျွန်အက်ဘ ဒူလိုင်ဂျီနာပေါ်က ပြောကြားသည်။

အခြားသော ဌာနဆိုင်ရာများနှင့် အေဂျင်စီများ၏ အကြီးအကဲများအတွက် လျှပ်စစ်ကားများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

လျှပ်စစ်ကားများပြောင်းလဲအသုံးပြုခြင်းသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန်၊ ရေရှည်တွင် သယ်ယူပို့ဆောင်ရေးစရိတ်များကို လျှော့ချရန်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် ကဏ္ဍအားလုံးတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို လက်ခံကျင့်သုံးရန် တွန်းအားပေးသည့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုနှင့်ပတ်သက်သည့် ဆောင်ရွက်မှု အစီအစဉ်တွင် ဂါနာ၏ ကတိကဝတ်နှင့်အညီ ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

အစောပိုင်းတွင် အစိုးရက လောင်စာဆီခွဲတမ်းနှင့် လောင်စာဆီ စရိတ်စကများကို ဖျက်သိမ်းကြောင်း ကြေညာခဲ့သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အထက(၅)မှ အလယ်တန်းပြဆရာ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၁/မဥန(နိုင်)၀၄၇၉၃၆]ကိုင်ဆောင်သူ ဦးမောင်ကံထွန်း၏ အမည်မှန်မှာ ဦးကံထွန်း ဖြစ်ပါကြောင်း။

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၊ **Grade 7** တွင် ပညာသင်ကြားနေသော ကျွန်မ မသံဇဉ်ချို ကျောင်းဝင်အမှတ် (၀၁၄၀/၂၄) အား နန်းမြတ်သံဇဉ် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**နန်းမြတ်သံဇဉ်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး၊ ကုန်စိမ်း၊ ကုန်စုံဆိုင်ခန်း ဆိုင်ခန်းအမှတ် ရုံ-၁၈(၂၁၅) ဆိုင်ခန်းအား ဦးထွန်းနိုင် [၆/ရဖန(နိုင်)၀၅၅၃၉၃] အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ အမှတ်(၅/၂၇)နေ ဦးဘိုနီ [၉/ပမန(နိုင်) ၂၇၁၁၄၇]သို့ အခွန်ထမ်းအမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဆည်မြောင်းလမ်းမကြီး၊ မြေကွက်အမှတ် (၆၃၀) အကျယ်အဝန်း (၄၀'x၆၀')ရှိ မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် ဦးကာစီအမည်ဖြင့် မှတ်သားတည်ရှိပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးကာစီအမည်ဖြင့် ချထားပေးသော (ပါမစ်)မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်အကျယ်အဝန်း (၄၀'x ၆၀') အနက်မှ အကျယ်အဝန်း (၂၀' x ၆၀')ရှိ (ခြေရင်းခြမ်း)မြေကွက်နှင့် ယင်းမြေပေါ်ရှိ လုံးချင်းအိမ်(၁)လုံး၊ မီတာ(၁)လုံးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးဇော်နိုင်ထွန်း[၅/ယမပ(နိုင်)၀၅၈၄၉၈]မှ အရောင်းအဝယ်စာချုပ် အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ထို့ကြောင့် ယခုရောင်းချသည့်အိမ်မြေနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသူ ဦးဇော်နိုင်ထွန်း[၅/ယမပ(နိုင်) ၀၅၈၄၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ သည်။ အဆိုပါအိမ်မြေ အပြီးအပိုင် လွှဲပြောင်းရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း) အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်နေ့ရက်ကျော်လွန်သည့်အချိန်တွင် အဆိုပါ အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းယုရွှေ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၃၃၆)**
**အမှတ်(၂၀၄)၊ မြိတ်လမ်း၊ (၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၄၃၁၆၈၀၀၃၊ ၀၉–၇၇၃၁၆၈၀၀၃**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်၊ ဝက်မစွပ်နဝဒေးလမ်းသွယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ် (၈၈၃)၊ အကျယ်အဝန်းဧရိယာ(၀.၁၀)ကေရှိ ဒေါ်တင်တင်ဦး အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးစားနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို** တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဒေါ်တင်တင်ဦး [၁၂/တမန(နိုင်)၀၀၇၇၆၁]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်း မူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ရှောက်ဝူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်း (LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း–၀၉–၄၂၅၂၈၆၀၄၂**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ မကွေး (၆)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၁၂၃/က)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဒေါ်တင်ကြိုင်[၁၂/လမန(နိုင်)၀၉၁၈၃၇] အမည်ပေါက် ပါမစ်မြေအမျိုးစားနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို** တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဦးကျော်သူရ [၁၄/ဘကလ(နိုင်)၂၀၇၉၁၆]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်း မူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ရည်မွန်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်း (LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ကျောက်တံတားမြို့နယ်၊**
**ဖုန်း–၀၉–၄၂၅၂၈၆၀၄၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံ(လင့်လမ်း)အိမ်ရာ၊ တိုက်အမှတ်(စီ)၊ အခန်းအမှတ် (၂၀၂–ဘီ)၏ အမည်ပေါက် ဦးမြင့်ကြည် [ ၁၃/ကတန(နိုင်) ၀၈၆၂၆၀ ] ထံမှ ဦးစည်သူဖြိုး [၁၂/ဗတထ(နိုင်)၀၃၆၅၀၀]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## " ကန့်ကွက်နိုင်ပါသည်"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ လမ်း(၁၃၀)၊ အမှတ်(၆၁)နေ ဦးအာကာစိုး [၁၂/ရကန(နိုင်)၀၆၄၂၂၃]က ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၂၁၂)၊ အခန်းအမှတ်(၉) ဟုခေါ်တွင်သည့် (၄)ခန်းတွဲ၊ (၄)ထပ်တိုက် အဆောက်အအုံ၏ ဒုတိယထပ်၊ (၃)လွှာ၊ (၁၃' x ၆၀')ပေ အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသည့် ရေ၊ မီး အကျိုးခံစားခွင့် အပါအဝင် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ လက်ရှိထားနေပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဒေါ်သန်းကျင် [၁၂/ကတတ(နိုင်)၀၂၄၂၂၅]**ထံမှ ယင်းတိုက်ခန်း လက်ရှိထားနေပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်တို့ကို အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါရှိသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ညွှန်ကြားချက်အရ**
**ဦးနိုင်သူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၈၃၀)**
**အမှတ်(C/၆၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊**
**သန်လျင်မြို့။ ဖုန်း– ၀၉–၇၈၅၀၇၈၁၉၁၊ ၀၉–၆၉၇၄၁၁၄၂၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့ဟောင်း(၁၁)လမ်း၊ အမှတ်(၂၈၇)ဟု ခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်အဆောက်အဦ၏ စတုတ္ထထပ် (၅)လွှာ၊ အကျယ်အဝန်း အလျား(၂၃)ပေxအနံ(၄၈)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့် ဆက်နွယ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ထားကြသော ကန်ထရိုက်တာ (မြေရှင်)များဖြစ်ကြသည့် ဦးအောင်ခန့်ကျော်[၁၂/ရပသ(နိုင်) ၀၇၄၈၃၄]နှင့် ဦးသိန်းထွန်း [၁၁/ရဗန(နိုင်) ၁၀၅၇၆၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာဝေ [၁၄/ငပတ(နိုင်)၁၆၉၅၇၇]မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေနှင့် တိုက်ခန်းတန်ဖိုးငွေအချို့ ပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ တိုက်ခန်း အရောင်းအဝယ်အား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဦးကျော်ဇေယျ(LL.B)** | **ဒေါ်နော်ဆည်းဇာ(LL.B)** |
| **(စဉ်–၁၃၁၈၁/၁၇)** | **(စဉ်–၁၂၆၃၇/၁၇)** |
| **ဒေါ်မြင့်မြင့်သန်း(LL.B)** | **ဒေါ်ဝေမာနွယ်(LL.B)** |
| **(စဉ်–၁၃၂၄၀/၁၇)** | **(စဉ်–၁၄၇၁၁/၁၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**တိုက်(၈)၊ ၄–လွှာ၊ ခေမာလမ်း၊ ၈–ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၇၁၁၀၄၆၀၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၃၇၂)၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးတင်ငွေ [၁၂/မဂဒ(နိုင်)၀၀၀၄၅၇]အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အဆိုပါမြေကွက်၏ အကျယ်အဝန်း (၄၀ပေx၆၀ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် (ခြေရင်းခြမ်း)(၂၀x၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို အရပ်ကတိစာချုပ်အဆက်ဆက်များဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်ထားသူ ဦးအေးမင်းထွန်း [၁၂/ဥကမ(နိုင်)၁၉၀၄၈၂]မှ လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင် ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာချို (LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၇၇၀)**
**အမှတ်(၆၇၈)၊ ဣန္ဒာ(၆)လမ်း၊ (ဓ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၉)၊ မြေကွက်အမှတ်(၂၈)၊ အကျယ်အဝန်း(၄၀x၆၀) ပေရှိ ဒေါ်တင်ဝင်း[၁၂/အလန(နိုင်)၀၁၄၉၂၅]အမည်ပေါက် ပါမစ်မြေ အမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို** တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကျော်သူ [၇/ကဝန(နိုင်)၀၁၆၆၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်း မူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်း (LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း–၀၉–၄၂၅၂၈၆၀၄၂**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၁)ရပ်ကွက်၊ မြေကွက်အမှတ်(၈၁၅)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးခင်ဝင်း(JGU–၀၅၀၈၄၉) အမည်ပေါက် မြေချပါမစ်မြေအမျိုးအစား မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်လဲ့ရည်ဇော် [၅/မရန (နိုင်)၁၅၂၁၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဇော်မျိုးအောင် (LL.B,D.I.L)** | **ဒေါ်ခင်အေးသန်း (LL.B,D.I.L, WIPO Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၆၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၉၁၁၉)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်(၁၃၃၉)၏ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ် တိုက်အမျိုးအစားဖြစ်ပြီး ၎င်းတိုက်၏ (၃)လွှာ/ဘီ၊ (ခြေရင်း)ခန်း၊ အကျယ်အဝန်း(၁၉x၅၄)ပေရှိ လူနေတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးစိုးညွန့်[၁၂/ကတတ(နိုင်)၀၀၃၉၇၃] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေ အချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဇော်မျိုးအောင် (LL.B,D.I.L)** | **ဒေါ်ခင်အေးသန်း (LL.B,D.I.L, WIPO Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၆၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၉၁၁၉)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၆၉၅)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၆၉၄)နှင့် ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိဦးသောင်းဇံ(CI–၀၄၃၁၃၃)အမည်ပေါက် မြေချပါမစ် (မူရင်း)ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်မီမီထွန်း[၁၂/ဗတထ(နိုင်)၀၄၀၅၈၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်မျိုးအောင် (LL.B,D.I.L)** | **ဒေါ်ခင်အေးသန်း (LL.B,D.I.L, WIPO Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၆၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၉၁၁၉)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)ရပ်ကွက်၊ ယုဝလမ်း၊ မြေကွက်အမှတ်(၅၁၆/က)၏ မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးလှထွန်း[၁၂/သဃက (နိုင်)၁၂၆၂၈၁]အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမိုးမင်းအောင်[၈/နမန(နိုင်)၁၄၃၈၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ် ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဇော်မျိုးအောင် (LL.B,D.I.L)** | **ဒေါ်ခင်အေးသန်း (LL.B,D.I.L, WIPO Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၆၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၉၁၁၉)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ရာဇဓိရာဇ်လမ်း၊ မြေကွက်အမှတ်(ထ/၁၉၇)၏ မြေအကျယ်အဝန်း(၄၀x ၁၀၀)ပေရှိ ဒေါ်လှလှဝင်း[၁၂/ဥကတ(နိုင်)၁၃၄၂၈၄] အမည်ပေါက် နှစ်(၆၀)ဂရန် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်လှလှဝင်း[၁၂/ဥကတ(နိုင်) ၁၃၄၂၈၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဇော်မျိုးအောင် (LL.B,D.I.L)** | **ဒေါ်ခင်အေးသန်း (LL.B,D.I.L, WIPO Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၆၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၉၁၁၉)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ နောင်ချိုလမ်း၊ မြေကွက်အမှတ် (၁၂၆၅)၊ မြေအကျယ်အဝန်း (အလျား×အနံ) (၄၀ပေ×၆၀ပေ)၊ ဧရိယာ (၀.၀၅၅) ဧက၊ (၂၄၀၀)စတုရန်းပေရှိ ဦးဇေလင်း၊ ဒေါ်ကျော့ကျော့စံတို့ နှစ်ဦးပူးတွဲအမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်နေအိမ်တစ်လုံး၊ ရေ၊ မီးအစုံအလင်အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်း၊ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူများဖြစ်သော ဦးဇေလင်း[၉/စအဝ(နိုင်) ၀၀၆၆၈၃]နှင့် ဒေါ်ကျော့ကျော့စံ (၁၂/လမတ (နိုင်) ၀၃၃၄၄၀) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက (၁၂–၇–၂၀၂၅) ရက်စွဲပါ "မြေနှင့်အိမ်အရောင်းအဝယ်စရံပေးကတိ စာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေအကြေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင် ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်အေးသန္တာမြင့်** | **ဒေါ်စင်နီလာဦး** |
| LL.B,W.I.P.O (Switzerland) | LL.B, D.B.L, B.D.S (MOFA)(Dip in English), W.I.P.O (Switzerland) |
| **အထက်တန်းရှေ့နေ (စဉ်–၅၅၀၃၇)** | **အထက်တန်းရှေ့နေ (စဉ်–၃၉၁၁၃)** |

**အမှတ်၁၁၀၆/စ၊အဏ္ဏဝါလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့်၊ (၃၅) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ဖုန်း–၀၉ ၂၆၄၅၀၉၉၄၅၊ ၀၉ ၂၅၉၄၆၄ ၂၅၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ သစ်တောလမ်း၊ ကွင်းအမှတ်(၁၀၃၉ A)၊ ကွင်းအမည်(သဖန်းပင်)ကွင်း၊ ဦးပိုင်အမှတ်(၆၂/ည)၊ မြေလုပ်ကိုင်သူ ဒေါ်အေးမြချိုအမည်ဖြင့် လှည်းကူးမြို့နယ်မြေစာရင်းဦးစီးဌာနတွင် မြေခွန်ထမ်းဆောင်ထွက်ရှိသည့် ဧရိယာ(၁.၀၅) ဧကမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမှုအခင်းအရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အေးမြချို(ဘ) ဦးသိန်း [၉/တသန(နိုင်)၁၁၇၇၄၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ - ဒေါ်ချစ်စုလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဇ္ဈူအေးသိန်း (LL.B) (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၂၂၅၇)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း-၀၉-၅၀၄၁၄၈၃**

## အမှားပြင်ဆင်ခြင်း

(၁၁-၇-၂၀၂၅)ရက်နေ့စွဲပါ စာမျက်နှာ(၂၀)ရှိ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် မြေကွက်အမှတ် (၂၆၆)နှင့်ကပ်လျက်ဘက်ခြမ်းနေရာတွင် မြေကွက်အမှတ်(၂၆၈) နှင့်ကပ်လျက်ဘက်ခြမ်းဟု ပြင်ဆင်ဖတ်ရှုပါရန် အမှားပြင်ဆင်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **LL.B, D.B.L, D.I.L, D.M.L,** |
| **Ph-09954280932** | **WIPO(Switzerland)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **(စဉ်-၁၃၉၂၄ )** |
| | **Ph:09-420080932,09-983837110** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၈)၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ်(၃၇၁/က)၊ (အလျား၂၀ပေx အနံ၆၀ပေ) အကျယ်အဝန်းရှိ ဦးသိန်းနိုင်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးရဲဝင်းနိုင်[၁၂/ဒဂဆ(နိုင်)၀၈၃၁၁၆]မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်နိုင်မြင့် [၁၂/ဥကတ(နိုင်)၀၁၇၀၉၀]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **LL.B, D.B.L, D.I.L, D.M.L,** |
| **Ph-09954280932** | **WIPO(Switzerland)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **(စဉ်-၁၃၉၂၄ )** |
| | **Ph:09-420080932,09-983837110** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)ရပ်ကွက်၊ ရွှေစင်(၈)လမ်း၊ မြေကွက်အမှတ်(၅၆၁)ဟုခေါ်တွင်သော (အလျား၄၀ပေxအနံ၆၀ပေ)အကျယ်အဝန်းရှိ ဒေါ်လဲ့လဲ့နှင်း [၁၃/တကန(နိုင်)၁၇၃၃၇၁] နှင့် ဦးထွန်းလင်း[၁၃/နမတ(နိုင်)၀၇၁၈၉၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော၊ မြေကွက်အမှတ်(၅၆၀)နှင့်ကပ်လျက်ဘက်ခြမ်း၊ (အလျား၂၀ပေ x အနံ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ပူးတွဲအမည်ပေါက်ဖြစ်သူ ဒေါ်လဲ့လဲ့နှင်းမှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **LL.B, D.B.L, D.I.L, D.M.L,** |
| **Ph-09954280932** | **WIPO(Switzerland)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **(စဉ်-၁၃၉၂၄ )** |
| | **Ph:09-420080932,09-983837110** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/အနောက်)ရပ်ကွက်၊ ဝေဇယန္တာ (၁၀) လမ်း၊ မြေကွက်အမှတ် (၅၃၈/က)ဟုခေါ်တွင်သော (အလျား၃၄ပေxအနံ၆၀ပေ)အကျယ်အဝန်းရှိ ဦးကျော်ဝင်းလှိုင်[၁၄/ကလန(နိုင်)၀၀၂၂၂၂] နှင့် ဦးဝသုံပြည့်စုံ [၁၂/သကတ(နိုင်)၁၉၃၄၁၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ဖြစ်သူတို့မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **LL.B, D.B.L, D.I.L, D.M.L,** |
| **Ph-09954280932** | **WIPO(Switzerland)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **(စဉ်-၁၃၉၂၄ )** |
| | **Ph:09-420080932,09-983837110** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ထူပါရုံ)၊ တန်ဖိုးနည်း၊ မြေကွက်အမှတ်(၁၃)ဟုခေါ်တွင်သော အမှတ်(၁၃)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ရှိ မြေအကျယ်အဝန်း (၃၃ပေx၅၅ပေ)၊ ဧရိယာ (၀.၀၄၁)ဧက၊ (၁၈၁၅)စတုရန်းပေရှိ ဒေါ်ကေဇင်အောင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ကေဇင်အောင်[၁၂/သကတ(နိုင်)၁၆၀၆၇၈] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၈၆၃)**
**အမှတ်(၇၆၇)၊ အောင်တံခွန်လမ်း၊ (၅၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၆၀၁၈၆၃၁၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁/ထူပါရုံ)၊ တန်ဖိုးနည်း၊ မြေကွက်အမှတ်(၆၃)ဟုခေါ်တွင်သော အမှတ်(၆၃)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ရှိ မြေအကျယ်အဝန်း (၃၃ပေx၅၅ပေ)၊ ဧရိယာ(၀.၀၄၁)ဧက၊ (၁၈၁၅) စတုရန်းပေရှိ ဒေါ်တင်လှိုင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်တင်လှိုင်[၁၂/သကတ(နိုင်)၁၀၇၅၄၈] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး ဒေါ်တင်လှိုင်နှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးဘိုးလှတို့ ကွယ်လွန်ပြီးနောက် သားသမီးများဖြစ်ကြသော ဒေါ်ခင်သန်းဝင်း (ဘ) ဦးဘိုးလှ [၁၂/မဂဒ(နိုင်)၀၇၂၆၈၄]၊ ဒေါ်ခင်ခင်မြ (ဘ) ဦးဘိုးလှ [၁၂/သကတ(နိုင်)၀၉၈၄၉၁]၊ ဦးသန်းနိုင် (ဘ) ဦးဘိုးလှ [၁၂/သကတ(နိုင်)၀၅၀၄၁၄]၊ ဦးမင်းနွယ် (ဘ) ဦးဘိုးလှ [၁၂/ပဇတ(နိုင်)၀၁၀၈၃၄]တို့က ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်-၂၀၀/၂၀၂၅(၉-၁-၂၀၂၅) ရက်နေ့တွင် "အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်" ဖြင့် တရားဝင်လက်ရှိအမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၈၆၃)**
**အမှတ်(၇၆၇)၊ အောင်တံခွန်လမ်း၊ (၅၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၆၀၁၈၆၃၁၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀

ကမ္ဘောဇဘဏ်လီမိတက်(KBZ Bank) နှင့် ဦးအဲဘတ်ဝင်းမောင်(ခ)
(မဟာဗန္ဓုလပန်းခြံလမ်းဘဏ်ခွဲ) ဦးလှဌေး
(၎င်း၏ကိုယ်စား လက်ထောက်
မန်နေဂျာ ဒေါ်ဥမ္မာဝင်း)

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ FMI City၊ မင်္ဂလာ (၃)လမ်း၊ အမှတ် (K63A)ရပ်နေ တရားပြိုင် ဦးအဲဘတ်ဝင်းမောင်(ခ)ဦးလှဌေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **၁၄-၁၂-၂၀၂၄ ရက်နေ့အထိ ကျသင့်သော Visa Credit Card ဘဏ်ချေးငွေ အရင်းအတိုးနောက်ကျကြေးငွေ စုစုပေါင်း ၄၆၅၀၆၇၃၆ ကျပ် ၈၆ ပြား** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်) နေ့မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ဖုန်းကျော်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး**




## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ယဉ်ယဉ်ထွေး [၆/ထဝန(နိုင်)၀၀၃၀၀၁] ကိုင်ဆောင်သူ ပိုင်သည့် 4D/9297 ယာဉ်၏ CNG သုံးစွဲခွင့်ကတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၅၀၉၂၈၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ သီရိရတနာမြို့မဈေး၊ ရုံအမှတ်-ဂ(၁၅)၊ ဆိုင်ခန်းအမှတ်(၁၁)၊ ဆိုင်ခန်း(၁)ခန်းအား လယ်ဝေးမြို့အမှတ်(၅)ရပ်ကွက်နေ ဒေါ်သန္တာဆွေ[၉/လဝန(နိုင်)၁၅၁၆၇၄] အမည်ပေါက်ပိုင်ဆိုင်ပြီး လယ်ဝေးမြို့ သီရိရတနာမြို့မဈေး၊ ရုံအမှတ်-ဂ(၁၅)၊ ဆိုင်ခန်းအမှတ်(၁၁)နေ ဒေါ်ပန်းအိဖြူ [၉/လဝန(နိုင်)၂၄၈၂၂၇]သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အကြွေးဝယ်ကတ် (VISA/UPI Credit Card) အသုံးပြုပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသူများ၊ အာမခံသူများ သိရှိစေရန်ကြေညာခြင်း

ကမ္ဘောဇဘဏ်လီမိတက်၏ အကြွေးဝယ်ကတ် (VISA/UPI Credit Card) တို့အား ရယူသုံးစွဲခဲ့သူများဖြစ်သော အောက်ဖော်ပြပါဇယားတွင် အမည်စာရင်းပါရှိသည့် လူပုဂ္ဂိုလ်များသည် အကြွေးဝယ်ကတ်အသုံးပြုငွေများ၊ အတိုးနှင့် ကျသင့်သည့်အဖိုးအခများအား ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိနေသည့်အတွက် နည်းမျိုးစုံဖြင့် အကြိမ်ကြိမ်ဆက်သွယ်တောင်းခံခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ပေးဆပ်ခြင်းမရှိဘဲ ဆက်လက်ပျက်ကွက်နေပါသည်။ ထို့ကြောင့် အကြွေးဝယ်ကတ်အား သုံးစွဲခဲ့သူ အောက်ဖော်ပြပါ အမည်စာရင်းတွင်ပါရှိသည့် လူကြီးမင်းများနှင့် လူကြီးမင်းတို့ ကတ်လျှောက်ထားရာတွင် အာမခံအဖြစ် လက်မှတ်ရေးထိုးပေးခဲ့ကြသူများအနေဖြင့် ကမ္ဘောဇဘဏ်လီမိတက်သို့ ပေးဆပ်ရန်ရှိသည့် အကြွေးဝယ်ကတ်သုံးစွဲငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများကို ယခုကြေညာချက်ပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း သက်ဆိုင်ရာဘဏ်ခွဲသို့ လာရောက်ဆက်သွယ်ပေးဆပ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| ၁။ | ဦးစန်းမောင် | ၁၂/သဃက(နိုင်)၀၉၅၆၀၂ |
| ၂။ | ဒေါ်ထိုက်ထိုက်အောင် | ၁၂/ကမရ(နိုင်)၀၁၃၈၆၂ |
| ၃။ | ဦးမင်းဇော်ထွန်း | ၁၂/ကတန(နိုင်)၀၆၅၆၆၂ |
| ၄။ | ဦးမောင်မောင်သန်း | ၁၂/ရပသ(နိုင်)၀၄၆၉၂၈ |
| ၅။ | ဒေါ်ဆွေဆွေလင်း | ၁၂/မရက(နိုင်)၀၀၄၀၁၈ |
| ၆။ | ဦးမျိုးအောင် | ၁၁/ကဖန(နိုင်)၀၃၇၀၆၁ |
| ၇။ | ဒေါ်ဖြူဖြူမြင့်နိုင် | ၁၀/သထန(နိုင်)၁၄၂၈၈၀ |
| ၈။ | ဦးမြတ်ထွန်း | ၈/မတန(နိုင်)၀၆၄၄၀၄ |
| ၉။ | ဦးခိုင်သိန်း | ၁၃/သပန(နိုင်)၀၀၃၉၃၉ |
| ၁၀။ | ဦးကောင်းထွဋ် | ၇/တငန(နိုင်)၁၂၆၆၂၀ |
| ၁၁။ | ဦးကောင်းကျော်သောင်း | ၁၂/ကမရ(နိုင်)၀၆၄၀၂၅ |
| ၁၂။ | ဦးအောင်ကျော်ဦး | ၁၂/ဗဟန(နိုင်)၀၅၂၈၂၉ |
| ၁၃။ | ဦးငြိမ်းချမ်းကိုကို | ၁၂/ဥကတ(နိုင်)၁၅၈၃၉၂ |
| ၁၄။ | ဦးစိုးနိုင် | ၁၂/ဥကတ(နိုင်)၀၅၅၂၆၅ |
| ၁၅။ | MARC ROLLET | 17FV26317 |
| ၁၆။ | ဦးမောင်မောင်ဦး | ၁၂/တမန(နိုင်)၀၉၆၀၇၆ |
| ၁၇။ | ဦးချမ်းမြေ့အောင် | ၁၂/ကမတ(နိုင်)၀၇၅၄၀၂ |
| ၁၈။ | ဦးထွန်းဇော်ဦး | ၁၂/ကတန(နိုင်)၀၇၃၆၃၈ |
| ၁၉။ | ဦးသူရအောင် | ၁၁/မပန(နိုင်)၀၂၀၅၆၂ |
| ၂၀။ | ဒေါ်ဌေးဌေး | ၈/နမန(နိုင်)၀၆၇၉၈၃ |

**Legal and Compliance Function**
**ကမ္ဘောဇဘဏ်လီမိတက်**
**အမှတ်(၅၃)၊ Strand Square Office၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph-01-2307091**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးသွားရန်လို...**

❖ **ကျန်းမာရေးနှင့်မညီညွတ်သော အသောက်အစား၊ အစားအသောက်နှင့် အသုံးအစွဲများကို လျှော့ချဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်းစီ၊ မိသားစုတစ်စုချင်းစီအတွက် အကျိုးရှိစေနိုင်သည်သာမက နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးရှိစေနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီ မိနစ်၄၀ မှ စတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV – HD၊ MRTV News၊ MRTV Parliament၊ MRTV NRC၊ MITV နှင့် မိတ်ဖက်ရုပ်သံလိုင်းဖြစ်သည့် MWD – HD၊ MWD Variety HD တို့မှလည်းကောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများဖြစ်သော MNTV၊ Up to Date channel၊ Readers' Channel၊ M channel တို့မှ လည်းကောင်း၊ MOI Website၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ Star FM၊ ပတ္တမြားFM၊ FM ပုဂံ၊ ပဥ္စဝတီ FM၊ မန္တလေး FM၊ ချယ်ရီ FM၊ ရွှေ FM နှင့် MRTV App: အပါအဝင် Online Media တို့မှ လည်းကောင်း တိုက်ရိုက် (LIVE) ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

## သီလဝါသိုလှောင်ကန်များတွင် စက်သုံးဆီများ ပြည့်လုနီးပါးရှိနေသည့်အပြင် မှာယူထားသည့် ဆီတင်သင်္ဘောများလည်း အဆက်မပြတ် ဝင်ရောက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၇

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းနှင့် အာရှ-ပစိဖိတ်ဒေသတွင်း စက်သုံးဆီဈေးနှုန်းများ အနည်းငယ်မြင့်တက်လာမှုကြောင့် လာမည့်အပတ်တွင် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများလည်း မြင့်တက်နိုင်မည်ဟု သုံးသပ်ခန့်မှန်းရသည်။ သို့သော်လည်း ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်း ကျဆင်းမှုကြောင့် နှစ်ဆန်းပိုင်းကဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများအောက် တစ်လီတာလျှင် ကျပ် ၂၅၀ ကျော်ခန့်အထိ လျော့နည်းနေဦးမည်ဟု ခန့်မှန်းရသည်။

ယခင်နှစ်က အရောင်းဆိုင်များတွင် ယာဉ်တန်းစီ စောင့်ဆိုင်းဝယ်ယူမှုများဖြစ်ပေါ်ခဲ့သော်လည်း ယခုနှစ်တွင် အလားတူယာဉ်တန်းစီ ဝယ်ယူမှုမျိုး မတွေ့ရကြောင်းနှင့် သီလဝါသိုလှောင်ကန်များတွင် စက်သုံးဆီများ ပြည့်လုနီးပါးရှိနေသည့်အပြင် မှာယူထားသည့် ဆီတင်သင်္ဘောများလည်း အဆက်မပြတ် ဝင်ရောက်လျက်ရှိနေသည်ဟု လုပ်ငန်းရှင်အသိုင်းအဝိုင်းများထံမှ သိရသည်။

သတင်းစဉ်

**ယနေ့ ဖတ်စရာ**

**တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်**

စာမျက်နှာ – ၁၅



မလိကြယ်စင်အသင်းနှင့် Maryar Noka အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## Futsal Champion Cup (2025) အုပ်စုပွဲစဉ်များ ကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၁၇

Futsal Champion Cup (2025) ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဇူလိုင် ၁၇ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ ရှုံးထွက်အဆင့် တက်ရောက်သည့် အသင်းအားလုံး စုံလင်စွာ ထွက်ပေါ်လာပြီဖြစ်သည်။

အုပ်စုနောက်ဆုံးနေ့တွင် TG United အသင်းက G–UPT အသင်းကို သုံးဂိုး – တစ်ဂိုး၊ ရွှေပြည်သာယူနိုက်တက်အသင်းက တော်ဝင်နန်းအသင်းကို

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ○

## နော်ဝေအမျိုးသမီးအသင်းကို အနိုင်ရပြီး အီတလီအမျိုးသမီးအသင်း အမျိုးသမီးယူရို (၂၀၂၅) ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် တက်လှမ်း

နော်ဝေ အမျိုးသမီးအသင်းနဲ့ အီတလီ အမျိုးသမီးအသင်းတို့ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အမျိုးသမီးယူရို (၂၀၂၅) ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်မှာ အီတလီ အမျိုးသမီးအသင်းက အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့် တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အီတလီအမျိုးသမီးအသင်းက နှစ်ဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အီတလီ အမျိုးသမီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ဂီရယ်လီက ပွဲကစားချိန် မိနစ် ၅၀ နဲ့ ၉၀ တို့မှာ နှစ်ဂိုး

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❂



နော်ဝေအသင်းနှင့် အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။